# မြဝတီ
နေ့စဉ်

ရောင်စုံကညာစုံလင် ဦးစွာဖြန့်ချိ မြဝတီ


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

မိမိထက် အသက်သိက္ခာ ဝါကြီးသောသူတို့ကို အမြဲအရိုအသေ ပြုလေ့၊ ရိုခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း ဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၅၃)
■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ သောကြာနေ့


# ဒုတိယသမ္မတ ဦးညိုစော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား

**မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဆက်လက်ခိုင်မာစေပြီး အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုကိုလည်း အာဆီယံ၏ အချက်အချာကျမှု၊ တန်းတူညီမျှမှု၊ အပြန်အလှန်အကျိုးရှိမှုတို့အပေါ် အခြေခံ၍ ဆက်လက်မြှင့်တင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် . . .**

နန်နင်း စက်တင်ဘာ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာလ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နန်နင်းမြို့ နန်နင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်ပြပွဲစင်တာ၌ ကျင်းပသည့်

စာမျက်နှာ ၁၅ ကော်လံ ၁ ◆




ဒုတိယသမ္မတ ဦးညိုစော၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ အကြီးအကဲများက (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြစဉ်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ အထူးဒေသ(၄)(မိုင်းလား)ရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေး



နေပြည်တော် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီးနှင့် နယ်မြေခံတပ်မတော်ဆေးရုံတို့မှ ပါရဂူကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်ကုနှင့်ခွဲစိတ်ခွဲကျွမ်းကျင်သူများ၊ သူနာပြုများ၊ အထောက်အကူပြု ကျွမ်းကျင်ဝန်ထမ်းများနှင့် မိုင်းလား ပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊

စာမျက်နှာ ၁၅ ကော်လံ ၄ ➲

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ်၊ အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

စာမျက်နှာ ၁၀ ကော်လံ ၁ ➤

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း စက်တင်ဘာလ ၁၇ ရက်မှ ၂၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ ❒


**ယနေ့ဖတ်စရာ**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်များတွေ့ဆုံ** စာ - ၅ သို့

**ဝါးပင်ပေါက်စမျှစ်၏ကျန်းမာရေးအကျိုးသက်ရောက်မှုများ** ဆောင်းပါး စာ - ၁၂ သို့

**မြေထုချပ်များရွေ့လျားမှုကြောင့် လှုပ်ရှားနေသော ငလျင်ဘေးအန္တရာယ်** ဆောင်းပါး စာ - ၂၇ သို့


## ရွေ့လျား မိုဘိုင်းယာဉ် (COW) ဖြင့် ပြည်သူများ မိုဘိုင်းဆက်သွယ်မှုစနစ်ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ စာရေးကွင်းကျေးရွာတွင် ရွေ့လျား မိုဘိုင်းယာဉ် (COW) ဖြင့် ပြည်သူများ မိုဘိုင်းဆက်သွယ်မှုစနစ်ရရှိစေရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၇ ကော်လံ ၅ ●



## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်

# ပြည်တွင်းရေးစွက်ဖက်မှုလက်မခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ပြည်သူများရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်အစိုးရတစ်ရပ်ပေါ်ထွန်းလာကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်(EAOs)အားလုံးကို တွေ့ဆုံဆွေးနွေးရန် အမြဲဖိတ်ခေါ်လျက်ရှိသည်။ နိုင်ငံအတွင်း အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များရှိနေခြင်းကြောင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ အကြမ်းဖက်ခံရခြင်းများ၊ နိုင်ငံပိုင်လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ မီးရထားလမ်းများဖောက်ခွဲဖျက်ဆီးခံရခြင်း စသည့်ဆုံးရှုံးမှုများ ကြုံတွေ့နေရခြင်းကြောင့် အများပြည်သူတို့အတွက် စိတ်မချမ်းမြေ့မှုများဖြစ်ပေါ်ခဲ့ရသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် နိုင်ငံတော်အား လက်နက်ဖြင့်ပုန်ကန်တိုက်ခိုက်သည့် အကြမ်းဖက်အဖွဲ့အစည်းများကင်းစင်ပပျောက်ရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းခြင်းကို လိုက်ပါဆောင်ရွက်ခြင်းမရှိဘဲ မြို့၊ ရွာများကို အကြမ်းဖက်တိုက်ခိုက်သိမ်းပိုက်နေသော လက်နက်ကိုင်သောင်းကျန်းသူများကို တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူ့အသက်အိုးအိမ်ကာကွယ်ရေးတို့အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement–RoE)နှင့်အညီ စစ်ရေးပစ်မှတ်များကိုသာ ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်သည်။ တပ်မတော်အနေဖြင့် အပြစ်မဲ့ပြည်သူများထိခိုက်မှုမရှိစေရေး အထူးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား(IIMM)ဆိုသည့်ယန္တရားကို စတင်ထူထောင်သည့်အချိန်ကတည်းက ယနေ့အထိ အသိအမှတ်ပြုခြင်းမရှိပါ။ IIMM သည် ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာလွတ်လပ်သောအချက်အလက်ရှာဖွေရေးအဖွဲ့(FFM)ဆိုသည့်အဖွဲ့မှ အစပြုခဲ့ခြင်းဖြစ်သည်။ FFM ဆိုသည်မှာ မြန်မာနိုင်ငံ၏သဘောတူညီချက်(country consent)မပါဘဲ OHCHR က တစ်ဖက်သတ်ဆုံးဖြတ်ချက်ဖြင့် ထူထောင်ခဲ့သည့်အဖွဲ့အစည်းဖြစ်သည်။ FFM ၏တွေ့ရှိချက်များအပေါ်မူတည်ပြီး သက်သေအထောက်အထားများကို ထိန်းသိမ်းထားနိုင်မည့် ပိုမိုခိုင်မာသောယန္တရားလိုအပ်သည်ဟု အကြောင်းပြုလျက် (၃၉)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ၃၉/၂ အရ ၂၀၁၈ ခုနှစ်တွင် IIMM ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

IIMM သည် နိုင်ငံတစ်နိုင်ငံအပေါ်ပစ်မှတ်ထားပြီး တစ်ဖက်သတ်ဆန်သော နိုင်ငံရေးအရ သွတ်သွင်းဆောင်ရွက်သည့် လူအခွင့်အရေးကောင်စီဆုံးဖြတ်ချက်အဆိုများ၏ နောက်ဆက်တွဲရလဒ်တစ်ရပ်သာဖြစ်သည်။ ၎င်း IIMM အနေဖြင့် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသအုပ်စုတစ်စု၏ နိုင်ငံရေးအရ အသုံးချခံလက်ကိုင်တုတ်တစ်ခုအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့ပြင် IIMM ဆိုသည့်ယန္တရား၏နှစ်စဉ်အစီရင်ခံစာဖြစ်သည့် A/HRC/63/19 သည် ယခင်နှစ်များနည်းတူ မြန်မာ့တပ်မတော်အပေါ် တစ်ဖက်သတ်စွပ်စွဲချက်များ၊ အတည်မပြုနိုင်သည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှရရှိသည့်သတင်းများနှင့် ကိန်းဂဏန်းဖောင်းပွမှုများအပေါ် အခြေခံရေးသားထားကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံ၏အခြေအနေနှင့် ပတ်သက်၍ ယခုကဲ့သို့ လွဲမှားစွာဖော်ပြချက်များသည် အကြမ်းဖက်မှုကို အားပေးကူညီခြင်း၊ အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများကို ဖြစ်ပွားစေခြင်းတို့အပြင် နိုင်ငံအတွင်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုထိန်းသိမ်းရန် အစိုးရ၏ကြိုးပမ်းအားထုတ်မှုများကိုပါ အဟန့်အတားဖြစ်စေနိုင်သည်။ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် IIMM ဆိုသည့်အဖွဲ့၏လုပ်ပိုင်ခွင့်အာဏာနှင့် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းခဲ့သည့် ၎င်း၏အဋ္ဌမအကြိမ် နှစ်ပတ်လည်အစီရင်ခံစာအပါအဝင် ထုတ်ပြန်မှု/ဖော်ပြချက်အားလုံးအပေါ် မြန်မာပြည်သူအားလုံးက လုံးဝ(လုံးဝ)လက်မခံကန့်ကွက်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါကစစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### MWD Variety Channel ၁၈-၉-၂၀၂၆(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၁၂:၂၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၂။ | ၁၄:၃၅ | သောတဆင်စရာ တေးမြန်မာ |
| ၃။ | ၁၆:၂၀ | လူငယ်ရှေ့ရေး အတွေးကမ္ဘာ |
| ၄။ | ၂၂:၃၅ | ရုပ်မြင်သံကြားဇာတ်လမ်း(ငြိ) |

### သဇင်(FM)အသံလွှင့်အစီအစဉ် ၁၈-၉-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ For Youth

၂။ ၁၀:၀၀ သတင်း/သီချင်း

၃။ ၁၃:၀၀ တိုင်းရင်းသားစကား ပြောကြရအောင်

၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား

၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ

၆။ ၂၁:၂၀ စာလာတယ်ဖျို့


မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

**နေပြည်တော်**
**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

## ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် ၆/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)
**ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ(က)နှင့်(ခ)၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)တို့အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေအား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီးကိုကိုဦးအား ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ကရင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ဘားအံ စက်တင်ဘာ ၁၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကရင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၏ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကရင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ထို့အတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကရင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီဖွဲ့စည်းထားရှိမှုများ၊ ဗဟိုကော်မတီ/လုပ်ငန်းကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နိုင်မည့်အခြေအနေ၊ ပြည်နယ်အတွင်း လမ်း၊ တံတားနှင့်အခြေခံအဆောက်အဦများ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေး၊ စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေး၊ ပို့ဆောင်/ဆက်သွယ်ရေးနှင့် ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေး၊ သာသနာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်း၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စူပါအယ်လ်နီညိုဖြစ်စဉ်အတွက် ရန်ကုန်မြို့ရေပေးဝေရေးစနစ် ကြိုတင်ပြင်ဆင်ရေးအလုပ်ရုံဆွေးနွေးပွဲ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၇**

စူပါအယ်လ်နီညိုဖြစ်စဉ်အတွက် ရန်ကုန်မြို့ ရေပေးဝေရေးစနစ် ကြိုတင်ပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးချို့ထွန်းအောင်၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ ဌာနအသီးသီးမှတာဝန်ရှိသူများနှင့် အဖွဲ့အစည်းအသီးသီးမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးချို့ထွန်းအောင်က ယနေ့အစည်းအဝေးကျင်းပရခြင်း ရည်ရွယ်ချက်သည် ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းအသီးသီးက သတိပေးထားသည့် စူပါအယ်လ်နီညိုဖြစ်စဉ်အတွက် ရန်ကုန်မြို့ရေပေးဝေရေးစနစ်ကြိုတင်ပြင်ဆင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး ရန်ကုန်မြို့၏ ရေပေးဝေရေးစနစ်ကို ယုံကြည်စိတ်ချရပြီး ရေရှည်တည်တံ့မှုဖြစ်စေရန်ပူးပေါင်းဆောင်ရွက်ရမည့် အကြောင်းအရာများအား ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးကရရှိလာသည့် အကြံပြုချက်များကို အခြေခံပြီး ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲ၏အစီအစဉ်များ၊ မူဝါဒဆိုင်ရာများကို စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီး၏ အဖိုးတန်သည့်အကြံဉာဏ်များဖြင့်ပူးပေါင်းဆောင်ရွက်မှုများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)ဦးမြင့်ဇော်သန်းက အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အဖွဲ့အစည်းအသီးသီးမှကျွမ်းကျင်ပညာရှင်များက အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အကြောင်းအရာများအား အကြံပြုဆွေးနွေးပြောကြားကြောင်းသိရသည်။ **နေကိုထိုက်**

# အားကစားကွင်း၊ အားကစားရုံများအား အဆင့်မြှင့်တင်တည်ဆောက်ခြင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက်အားကစားကွင်း၊ အားကစားရုံများအား အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဘဏ္ဍာရေးနှစ်များအလိုက် ထပ်တိုးတည်ဆောက်ရေးလုပ်ငန်းများကို အားကစားရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီသည် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ အားကစားကွင်း၊ အားကစားရုံများ၊ ကျောင်းကုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့ရှိ အားကစားကွင်း၊ အားကစားရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာ့အားကစားကဏ္ဍ ပိုမိုမြင့်မားလာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သက်တမ်းကာလကြာမြင့်သည့် အားကစားကွင်း၊ အားကစားရုံများအားအဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ရေးနှင့် တည်ဆောက်ထားသည့်အားကစားကွင်း၊ အားကစားရုံများ ရေရှည်တည်တံ့စေရေးတို့အတွက် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယမန်နေ့ကလည်း ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်)၌ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးသွားရန်၊ လုပ်ငန်းဆောင်ရွက်နေမှုနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြီးကြပ်စစ်ဆေးရေးဘုတ်အဖွဲ့များဖွဲ့စည်း၍ စနစ်တကျစစ်ဆေးပြီး မှတ်တမ်းများ ထားရှိဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ ပုသိမ်မြို့ အဆင့်မြင့်ရေကူးကန်တွင် မျိုးဆက်သစ် ရေကူးအားကစားသမားများလေ့ကျင့်နေမှု၊ ကိုးသိန်းအားကစားကွင်းအတွင်းရှိဘိလိယက်နှင့် စနူကာအားကစားရုံတွင် အားကစားသမားများလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပုသိမ်ဇုန်တွင် ကျင်းပလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

# ညောင်ပင်စုကျေးရွာရှိ အိမ်ထောင်စု ၆၈ စု၊ လူဦးရေ ၄၀၇ ဦးအား အထောက်အကူပြုနိုင်မည့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်း

**မအူပင် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် သူဌေးကုန်းကျေးရွာအုပ်စု ညောင်ပင်စုကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးကြသည်။

ရေးဦးစွာ မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးတန်ဂျီးက စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်သည့် အတွက် တန်ဖိုးထားကြရန်၊ စနစ်တကျ အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။



အဆိုပါလမ်းသည် အရှည် ၅၄၂ ပေ၊ အကျယ် ၆ ပေ၊ ထု ၆ လက်မရှိပြီး နိုင်ငံတော်မှငွေကျပ်သိန်း ၁၅၀၊ ပြည်သူပူးပေါင်းပါဝင်မှု ၃၃ ဒသမ ၃၃ ရာခိုင်နှုန်းကျော်ဖြင့် ဒေသခံပြည်သူများကိုယ်တိုင်စီမံခန့်ခွဲခြင်းဖြစ်ကာ ညောင်ပင်စုကျေးရွာရှိ အိမ်ထောင်စု ၆၈ စု၊ လူဦးရေ၄၀၇ ဦးအား အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်းသိရသည်။ **ချမ်းမြေ့**

# ရ တ နာ ပုံ ဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

အတန်ငယ်သွားမိ၍ မောင်သက်ညွှန့်ကို မိလေလျှင် မောင်လှအောင်သည် မောင်သက်ညွှန့်၏ လက်မောင်းကိုဆွဲ၍-

"ကိုသက်ညွှန့်၊ ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလား" ဟု မေးလေသောအခါ မောင်သက်ညွှန့်သည် နားမလည်သည့်ဟန်ပြု၍ ကြည့်နေလေ၏။ မောင်သက်ညွှန့်နောက်မှ လိုက်လာသော ပုလိပ်နှင့် မောင်လှအောင်နောက်မှလိုက်သော ပုလိပ်တို့သည် မှောင်ရိပ်များမှ ခို၍ ၎င်းတို့ပြောသည်ကို နားထောင်ကြရာ အောက်ပါအတိုင်းကြားရလေ၏။

အောင် ။ ။ "ခင်ဗျားက ဟန်မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်ကို မသိဘူးလား"

ညွှန့် ။ ။ "မင်းဘယ်သူလဲ"

အောင် ။ ။ "ဘယ်သူရမလဲဗျ၊ လှအောင်ပေါ့"

ညွှန့် ။ ။ "ဘယ်က လှအောင်လဲ"

အောင် ။ ။ "ခင်ဗျားဆီက ငွေ ၅၀ ကျပ် ယူမိတဲ့လှအောင်ပေါ့၊ ခင်ဗျားက ဟန်ကြီးပန်ကြီး အခုမှမလုပ်ပါနဲ့၊ ကျွန်တော်က အကုန်ဖော်လိုက်မယ်"

ညွှန့် ။ ။ "ဖော်လိုက်ရင် မင်းပါဒုက္ခရောက်မှာပေါ့"

အောင်။ ။ "ရောက်ချင်ရောက်ပါစေ၊ ကျုပ်က ထောင်သာကျမယ်၊ ခင်ဗျားကတော့ လည်ပင်းကြိုးရောက်မယ် သိရဲ့လား၊ ကျုပ်တော့ ခင်ဗျားငွေလေးယူမိတာ မှားလိုက်တာ၊ ငွေအသုံးလိုလို့ ရုတ်တရက်လည်းဖြစ်လို့ ယူလိုက်မိပါတယ်၊ ဒီငွေသုံးမိတဲ့နေ့ကစပြီး ကျုပ် ဆင်းရဲတာပဲ"

ညွှန့် ။ ။ "ဟေ့ သွားကွယ် မင်းလာမရှုပ်နဲ့၊ မင်းထင်တာလုပ်ချေငါသေရင် မင်းလည်းသေမှာပဲ" ဟု ပြော၍ ခပ်သုတ်သုတ်လျှောက်သွားလျှင် ပုလိပ်သားနှစ်ယောက်တို့လည်း မိမိတို့ကြားရသည့်စကားတို့ကို မှတ်သားပြီးလျှင် ဆိုင်ရာလူနောက်သို့ လိုက်ကြလေ၏။

မြူနီစီပယ်ကော်မတီလူကြီး ရွေးကောက်မည့်နေ့၌ မောင်ထွန်းမြတ်မှာ မန္တလေးမြို့၌ ထင်ရှားကျော်စောသည့် သူတစ်ယောက်ဖြစ်သဖြင့် လူအများတို့သည် ၎င်းနှင့်ပြိုင်ဆိုင်၍လုမည့်သူတစ်ယောက် ပေါ်ပေါက်လာသည်ကို များစွာသိမြင်လိုကြသည်နှင့် လူအမြောက်အမြားတို့သည် မြင်းရထား၊ ခါတ်ရထားစသည်တို့နှင့် မြူနီစီပယ်ရုံးသို့ လာရောက်ကြလေ၏။ မောင်သက်ညွှန့်လည်း ကောင်းမွန်စွာ ဝတ်စားဆင်ယင်လျက် မဂျမ်းပုံတို့၏အိမ်ရှေ့မှ မိတ်ဆွေတစ်ယောက်နှင့်လျှောက်၍လာကြရာ မဂျမ်းပုံ၏ အိမ်ဦးခန်းတွင် လှပတင့်တယ်စွာ ဝတ်စားထားသော မိမိရီ၊ ခင်စိန်ကြည်၊ မဂျမ်းပုံမှစ၍ အနီးအနားရှိ အရာရှိသား၊ သမီးတစ်စုတို့ စကားပြောဆိုနေကြသည်ကိုမြင်လေလျှင် မောင်သက်ညွှန့်၏ သူငယ်ချင်းက "အိုင်ဆေး ဟိုမှာမြင်လား၊ စိန်တွေချည်းပါကလား၊ ရုပ်ကလေးတွေကလည်း သင့်ပါပေတယ်၊ ဟိုဘက်က ခရမ်းရောင်လုံချည်နဲ့သူက သူ့အမျိုးသမီးမဟုတ်လား၊ တယ်လှတဲ့ ရုပ်ပဲ၊ အရင်များနဲ့ ဘယ့်နှယ်နေသလဲဗျို့" ဟု မေးလေကြောင်း။

**"ထိုအခါ မောင်သက်ညွှန့်သည် မိမိအား အကြွေးမှုနှင့်ဖမ်းဆီးသည်အောက်မေ့၍ "ဘာကောင်လဲ၊ မင်းက ငါ့မကိုင်နဲ့ လွှတ်လိုက်" ဟု ပြောလျှင် ပုလိပ်သည် မိမိ၏အိတ်မှ လက်ထိတ်တစ်ခုကိုထုတ်၍ မောင်သက်ညွှန့်၏ လက်နှစ်ဖက်ကို လျင်မြန်စွာလက်ထိတ်ခတ်လိုက်သည်ကို မြင်ကြလေသောအခါ ပရိသတ်တို့သည် လွန်စွာအံ့ဩလှသည်ဖြစ်၍ မည်သည့်အမှုနှင့်ဖမ်းလေသည်ဟု မေးမြန်းကြလေ၏။ ထိုအခါ ပုလိပ်က အရင် ၈ နှစ်လောက်က ဦးဘသာကို သေနတ်နှင့်ပစ်၍သတ်သည့်အမှုဖြစ်ကြောင်းကို ပြောလေလျှင် . . ."**

ထိုအခါ မောင်သက်ညွှန့်မှာ မနှစ်သက်သောမျက်နှာထားနှင့် "နေစမ်းပါဗျာ" ဟု ပြန်၍ပြောရာ။

"ဒီလောက်တောင် စိတ်မဆိုးပါနဲ့ဗျာ၊ စိတ်သာချပါ၊ ခင်ဗျားတော့ ရမယ်မဟုတ်ပါဘူး၊ ခင်ဗျားမို့ စိတ်ကူးရလို့လာပြီး ကြံစည်ပါပေတယ်၊ ဒီကလူတွေက သူ့လူချည်းပဲဗျ၊ ခင်ဗျားသူနဲ့တော့ ယှဉ်နိုင်မယ်မထင်ဘူး"ဟုပြောပြန်လျှင် မောင်သက်ညွှန့်သည် တစ်ခွန်းမျှပြန်၍မပြောဘဲ စိတ်ဆိုးသောမျက်နှာထားနှင့်ကြည့်လျက်သာနေလေ၏။

မြူနီစီပယ်ရုံးသို့ရောက်ကြလျှင် မောင်ထွန်းမြတ်လည်း မိမိမိတ်ဆွေအပေါင်းအဖော်တို့နှင့် ဝိုင်းဖွဲ့လျက် မောင်သက်ညွှန့်မှာလည်း အခွန်ဝန်မင်းမှစ၍ ရန်ကုန်မှရောက်လာသော မိမိ၏မိတ်ဆွေတို့နှင့် ဝိုင်းဖွဲ့လျက်နေကြကြောင်း၊ ပရိသတ်တို့လည်း ပြည့်နှက်လာသည်နှင့် မောင်ထွန်းမြတ်နှင့် မောင်သက်ညွှန့် နှစ်ယောက်တို့အနက် မည်သူ့ကို သဘောတူညီကြသည်ကို အသီးသီးစာရွက်ပေါ်တွင် နာမည်များကိုရေး၍သွင်းကြလေကြောင်း၊ စက္ကူများကိုစုဆောင်းပြီးလျှင် မောင်ထွန်းမြတ် နာမည်ပါသည့်စာရွက်နှင့် မောင်သက်ညွှန့်နာမည်ပါသည့်စာရွက်တို့ကို ခွဲ၍ရေတွက်ကြလေရာ မောင်ထွန်းမြတ်ကို သဘောတူသည့်လူတို့မှာ မောင်သက်ညွှန့်ကို သဘောတူသည့်လူထက် ၁၀ ဆမျှမက ပိုမို၍ များကြောင်းတွေ့ရလေလျှင် မိတ်ဆွေအပေါင်းတို့သည် မောင်ထွန်းမြတ်ကို ချီးမွမ်းကြလျက် ဝမ်းသာစကားပြောဆိုနေကြကုန်၏။

မောင်သက်ညွှန့်မှာမူ ရှေးမဆွကပင် ရှုံးမည်ကိုသိသော်လည်း အခွန်ဝန်မင်းအရှိန်၊ ယောက္ခမ၊ မိတ်ဆွေများအရှိန်နှင့် ရှုံးပင်ရှုံးရသော်လည်း လူဦးရေအနည်းငယ်မျှကွာမည်ဟု အောက်မေ့လျက်ရှိရာ ယခုမှာမူ ဆယ်ပုံတစ်ပုံမျှပြည့်အောင်မရှိသဖြင့် မျက်နှာမည်းလျက်ရှိနေသည့်အတွင်း ယခင်က အတူလမ်းလျှောက်လာသည့်သူငယ်ချင်းက "ဘယ့်နှယ်လဲ မိတ်ဆွေ ကျုပ်မပြောဘူးလား၊ ဒါကြောင့် စောစောက နောက်ဆုတ်လိုက်ရင် တော်မယ်လို့ ကျုပ်အပြောသားနဲ့၊ အခုတော့ ဘယ်လောက်ရှက်စရာကောင်းသလဲ" ဟု ပြောပြန်လျှင် မောင်သက်ညွှန့်မှာ စိတ်ဆိုးနေခိုက်ဖြစ်၍ ဒေါသအလျောက်ပြန်၍ ပြောမည်အပြုတွင် ပုလိပ်တစ်ယောက်သည် အရပ်ဝတ်အရပ်စားကိုဝတ်လျက် မောင်သက်ညွှန့်၏ပခုံးကိုကိုင်ကာ ဝရမ်းစာထုတ်၍ပြပြီးလျှင် "ခင်ဗျား ကျွန်တော်နဲ့ကိစ္စတစ်ခုရှိ၍ ဂါတ်တဲကို လိုက်ခဲ့ရမည်ဟုပြော၍ ခေါ်လေကြောင်း . . ."။

ထိုအခါ မောင်သက်ညွှန့်သည် မိမိအား အကြွေးမှုနှင့်ဖမ်းဆီးသည်အောက်မေ့၍ "ဘာကောင်လဲ၊ မင်းက ငါ့မကိုင်နဲ့လွှတ်လိုက်" ဟု ပြောလျှင် ပုလိပ်သည် မိမိ၏အိတ်မှ လက်ထိတ်တစ်ခုကို ထုတ်၍ မောင်သက်ညွှန့်၏ လက်နှစ်ဖက်ကို လျင်မြန်စွာ လက်ထိတ်ခတ်လိုက်သည်ကို မြင်ကြလေသောအခါ ပရိသတ်တို့သည် လွန်စွာအံ့ဩလှသည်ဖြစ်၍ မည်သည့်အမှုနှင့်ဖမ်းလေသည်ဟုမေးမြန်းကြလေ၏။ ထိုအခါ ပုလိပ်က အရင် ၈ နှစ်လောက်က ဦးဘသာကို သေနတ်နှင့်ပစ်၍သတ်သည့်အမှုဖြစ်ကြောင်းကို ပြောလေလျှင် လူအားလုံးတို့သည် များစွာအံ့ဩပြီး အုန်းအုန်းကျွက်ကျွက်ရှိနေလေကြောင်း မောင်သက်ညွှန့်၏ မိတ်ဆွေတချို့တို့ကမူ ပုလိပ်၏လက်မှ မောင်သက်ညွှန့်ကို လုမည်ပြုကြရာ တခြားပုလိပ်သားလေးယောက်တို့က အနီးတွင်စောင့်လျက်ရှိနေကြသည်ဖြစ်၍ ၎င်းတို့၏ အကြံကိုသိသဖြင့် ဝိုင်းဝန်းကူညီ၍ မောင်သက်ညွှန့်ကို လက်ရဖမ်းဆီးထားကြလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ဒီရေတောထိန်းသိမ်းရေး အသိပညာပေး

**ကျွန်းစု စက်တင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဒီရေတောထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၆ ရက်က မောင်းလှော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးခင်စိုးက ဒီရေတောအဓိပ္ပာယ်၊ ဒီရေတောများ ပျံ့နှံ့စွာပေါက်ရောက်မှုအခြေအနေ၊ ဒီရေတောများမှ ကမ်းရိုးတန်းနေပြည်သူများနှင့် ဂေဟစနစ်အပေါ်အကျိုးဖြစ်ထွန်းစေမှု၊ ဒီရေတောများထိန်းသိမ်းခြင်းနှင့် ပြန်လည်တည်ထောင်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည့်အချက်များ၊ ICM အစီအစဉ်အရ ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ဒီရေတောများ ပေါက်ရောက်မှုအခြေအနေတို့အား အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အဆိုပါဟောပြောပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ရန်ကင်း**

## ဝင်ငွေတိုးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**လဲချား စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို စက်တင်ဘာလ ၁၇ ရက်တွင် မြို့မကျေးရွာအုပ်စု ဟိုဖိုင်ကျေးရွာ၌ ထုတ်ချေးပေးသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဟိုဖိုင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်နိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၂၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုဖိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေငွေကျပ် ၅၂၆ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကိုနားလည်ဖို့လိုတယ်။ ဥပဒေကိုနားလည်ဖို့လိုတယ်။ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်။ ဒီလိုနဲ့ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့လိုပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြားချက်မှကောက်နုတ်ချက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်များတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၇**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဆွေးနွေးညှိနှိုင်းနိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်- ၂၀ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ တွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ ၃၂ ပါတီမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယနေ့နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုသည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် NSPNC နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ၁၆ ဦးအား ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများသည် ပြည်သူလူထုအား ကိုယ်စားပြုသူများဖြစ်ကြောင်း၊ ယခင်ဆွေးနွေးရန် သဘောတူညီထားသည့် ဆွေးနွေးချက်များကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်များအား တရားဥပဒေဘောင်အတွင်းဝင်ရောက်ရန် နိုင်ငံရေးပါတီများအနေဖြင့်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ၊ NCA လက်မှတ်ရေးထိုးပြီး အကြောင်းအမျိုးမျိုးကြောင့် ကင်းကွာသွားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ရေး နိုင်ငံရေးပါတီများက ကူညီဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများအားဆွေးနွေးပေးစေလိုကြောင်း၊ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများအား ယခင်ပုံစံအတိုင်း ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်မည့် အခြေအနေများကိုလည်း ဆွေးနွေးပေးစေလိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နေထိုင်ရာဒေသများတွင်ရှိသည့် နိုင်ငံရေးပါတီများအနေဖြင့်လည်း ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နိုင်သည့်နည်းလမ်းများအားဆွေးနွေးပေးစေလိုကြောင်း၊ နိုင်ငံရေးပါတီများနှင့် ယခင်ဆွေးနွေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသော ဒေသများတွင်ရှိသည့် နေရပ်စွန့်ခွာသူများနေရပ်ပြန်လည်ရောက်ရှိနိုင်ရေးကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဒီမိုကရေစီအစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်မှုများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ချမှတ်ပေးထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်ဆောင်ရွက်နေသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

အလားတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)က ယခင်အတွေ့အကြုံနှင့် အောင်မြင်မှုများအပေါ်အခြေခံပြီး လက်ရှိနိုင်ငံရေးအခြေအနေနှင့်လိုက်လျောညီထွေဖြစ်စေရန် ပိုမိုချိတ်ဆက်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်၊ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဦးတည်ချက်၊ အသွင်ကူးပြောင်းရေးမဟာဗျူဟာနှင့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီ ၃၂ ပါတီမှ ကိုယ်စားလှယ်များက ယခင်လက်မှတ်ရေးထိုးခဲ့သည့် Bilateral ပါ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးမှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေးစကားဝိုင်းများကျင်းပဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မီဒီယာများ၏ အခန်းကဏ္ဍအရေးပါပုံ၊ အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်နိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးပါတီများပါဝင်မှုနှင့် ပတ်သက်ပြီး လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်ပေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင်လာနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးပါတီများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်မည့် နည်းလမ်းများ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဆောင်ရွက်နိုင်သည့် အချက်များ၊ ပြည်သူလူထုအား အသိပညာပေးဆောင်ရွက်မှုလုပ်ဆောင်နိုင်ရေးကိစ္စများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးအတွက် အမြင်သဘောထားများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။

ဆွေးနွေးပွဲဒုတိယနေ့ကိုစက်တင်ဘာလ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြဝတီ

## ၁၁ ကေဗွီ ရာဇသင်္ဂဟအိမ်ရာ(၂) ဓာတ်အားလိုင်းအား ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ၃၃ ကေဗွီဓာတ်အားခွဲရုံအမှတ်(၈)ရှိ ၁၁ ကေဗွီ ရာဇသင်္ဂဟအိမ်ရာ(၂)ဓာတ်အားလိုင်းကို စက်တင်ဘာလ ၁၈ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဇဝနသိဒ္ဓိရပ်ကွက်နေရာအချို့နှင့် ရတနာသိဒ္ဓိရပ်ကွက်တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ဧရိယာများရှိ အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

### ၁၇-၉-၂၀၂၆ ရက်နေ့ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၅၀,၀၀၀) ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# သရက်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်

**သရက် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးတိုင်း-ညောင်ဇစ်လမ်းမှ အုတ်ရှစ်ကုန်း-သပြေစမ်း ကျေးရွာချင်းဆက်လမ်း မြေသားတာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၁၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်ဝတ်ရည်ဦးနှင့် သရက်ခရိုင် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့မှ ခရိုင်တာဝန်ခံတို့က သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သရက်မြို့နယ် ကြီးတိုင်း-ညောင်ဇစ်လမ်းမှ အုတ်ရှစ်ကုန်း-သပြေစမ်း ကျေးရွာချင်းဆက်လမ်း မြေသားတာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်သိပ်သည်းဆ ရှိ၊ မရှိ DCP Test ကိရိယာဖြင့်စစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါကျေးရွာချင်းဆက်လမ်း အရှည် ၁ မိုင်၊ အကျယ် ၁၈ ပေ မြေသားတာပေါင်တင်ခြင်းနှင့် ထု ၈ လက်မ မြေနီခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေ ငွေကျပ် ၁၁၄ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများ စုဖွဲ့ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပြီးစီးပါက အုတ်ရှစ်ကုန်း၊ သပြေစမ်း၊ ကြီးတိုင်း၊ ညောင်ဇစ်ကျေးရွာတို့ရှိ အိမ်ခြေ ၄၈၀ လူဦးရေ ၁၉၁၈ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက် အောင်မြင်ဖြစ်ထွန်း

**မောက်မယ် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ဒေသခံတောင်သူများ၏ လယ်မြေများတွင် သီးနှံအထွက်နှုန်းတိုးစေရန်နှင့် မိုးစပါးစိုက်ပျိုးမှုအတွက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး သိပ္ပံနည်းကျစိုက်နည်းစနစ်အလေ့အကျင့်ကောင်းများရရှိစေရန် စိုက်ပျိုးထားသော မိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် မိုးစပါးစံပြကွက်များ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို စက်တင်ဘာလ ၁၆ ရက်က ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ လင်းခေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုဦးနှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများသည် စဥ့်ဆိုင်ကျေးရွာအုပ်စု မိုင်းယွန်းအနောက်ရွာ ကွင်းအမှတ် (၂)ဦးပိုင်(၃)တောင်သူဦးဆောနနှင့် ဦးပီကျော်လယ်မြေတို့၌ စိုက်ပျိုးထားသော မိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် မိုးစပါးစံပြကွက်များ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းမြေနေရာရရှိရေးအတွက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးမြေနေရာနှင့် ဈေးတန်းရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနရုံးအနောက်ဘက် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိ မြေကွက်နေရာ၏ မြေရာဇဝင်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသက်နိုင်နှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဝင်များက လုပ်ငန်းလုပ်ဆောင်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို တင်ပြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

**မင်းဘူး စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်နိုင်စေရန်နှင့်အသေးစားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၁၆ ရက်က ချောင်းကောက်ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။


အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်က အမှာစကားပြောကြားပြီးနောက် မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ထူးချွန်သင်တန်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ခဲ့သော သင်တန်းသူများအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

အဆိုပါစက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ၄၅ ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဇင်မာ**






# အာဟာရနှင့်ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေး

**ဒေးဒရဲ စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများ အာဟာရပြည့်ဝစေရေးနှင့် ကျန်းမာရေးဆိုင်ရာအလေ့အကျင့်ကောင်းများ သိရှိနိုင်စေရေးရည်ရွယ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၆ ရက်က ကျုံဘုတ်ကျေးရွာ ရေစွယ်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များနှင့် ကလေးများ ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝစေရေး လိုက်နာကျင့်သုံးရမည့်အမူအကျင့်များကိုလည်းကောင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်နီနီမြင့်က အာဟာရနှင့်ကျန်းမာရေးဆိုင်ရာအမူအကျင့်ပြောင်းလဲရေး အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး လိုက်နာရမည့်အချက်များကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသည့် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအား အာဟာရပြည့်ဝစေသောအစားအစာဖြစ်သည့် ကြက်ဥနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**အေဇာလင်း(ပြန်/ဆက်)**

# ပေါင်းတည်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧကလျှင် တင်း ၁၀၀ ကျော်ထွက်ရှိ

**ပေါင်းတည် စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ဘိုးသာအောင်ကုန်းကျေးရွာအုပ်စု ဘိုးသာအောင်ကုန်းကျေးရွာ ကွင်းအမှတ် (၁၁၂၆ -A)ရှိ တောင်သူ ဦးကျော်စိုး၏လယ်မြေ ၁၀ ဧက၌ မှော်ဘီ-၃ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို စက်တင်ဘာလ ၁၆ ရက်က ပြုလုပ်သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ပေါင်းတည်မြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ညှိနှိုင်းကြီးကြပ်မှုကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ထိုသို့ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါးအစို ၁၁၁ ဒသမ ၃၂ တင်းခန့်ထွက်ရှိပြီး မိုးစပါးပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ခဲ့ကြောင်း သိရသည်။

**ရွှေသား(IPRD)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း လှေလှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့် အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိလှေလှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်းကို ကော်မရှင်အဖွဲ့ဝင်ဦးသန်းဝင်း ဦးဆောင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်အကျဉ်းသားများကို အိပ်ဆောင်များတွင်တွေ့ဆုံပြီး အကျဉ်းသားတစ်ဦး၏အနိမ့်ဆုံး ရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိနိုင်မှုအခြေအနေ၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်မှု အခြေအနေ၊ စာပေဖတ်ရှုခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိမှုအခြေအနေ၊ မိသားစုတွေ့ဆုံခွင့်နှင့် ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိမရှိအခြေအနေ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှု ရှိ မရှိအခြေအနေတို့ကို မေးမြန်းမှတ်တမ်းတင်ကာ သီးခြားတွေ့ဆုံ ခွင့်တောင်းခံသူ အကျဉ်းသား ၃ ဦးကိုလည်း လွတ်လပ်စွာသီးခြားတွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို လှူဒါန်းသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# မဲခေါင်-လန်ချန်း သတင်းတု၊ သတင်းမှားကင်းစင်ရေး လှုပ်ရှားမှုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လူမှုအကျိုးပြုထူးချွန်ဆုရရှိ




**ဖနောင်ပင် စက်တင်ဘာ ၁၇**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေဖြင့် မဲခေါင်-လန်ချန်း ဒေသတွင်း သတင်းတု၊ သတင်းမှားကင်းစင်ရေးလှုပ်ရှားမှုဖိုရမ်နှင့် အကြောင်းအရာဖန်တီးမှု Content ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ စက်တင်ဘာလ ၁၇ ရက်က ကျင်းပရာ မြန်မာနိုင်ငံမှ လူမှုအကျိုးပြုထူးချွန်ဆု ဆွတ်ခူးရရှိခဲ့သည်။

မဲခေါင်-လန်ချန်း ဒေသတွင်း သတင်းတု၊သတင်းမှား ကင်းစင်ရေးဆိုင်ရာလှုပ်ရှားမှု၏ အဓိကအစိတ်အပိုင်းဖြစ်သည့် ၂၀၂၆ ခုနှစ်အတွက် သတင်းတု၊ သတင်းမှား ကင်းစင်ရေးလှုပ်ရှားမှုဆိုင်ရာ ဖိုရမ်နှင့် အကြောင်းအရာဖန်တီးမှုပြိုင်ပွဲ (Zero Fake News Forum and Awards Contents 2026) တွင် ဒေသတွင်းခြောက်နိုင်ငံမှ ပြိုင်ပွဲဝင်များ ဖိတ်ခေါ်၍ Best Journalism Award for Fighting Fake News၊ Best Fact-Checking and Verification Content Award၊ Best Creative Content Award၊ Best Public Impact Awards နှင့် Responsible Media Practice Award ဆုများအတွက် ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးဇင်ဦးက "Impact of Online Crimes, Fake News and Misinformation on the Socio-economic Lives of Mekong-Langcang Regional Countries" ဆောင်းပါးဖြင့် Best Public Impact Award ဆု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ မဲခေါင်-လန်ချန်း ဒေသတွင်း ခြောက်နိုင်ငံမှ ပြိုင်ပွဲဝင် ၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သီဟစည်သူ**

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မြဝတီ စက်တင်ဘာ ၁၇**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် ကျရောက်သော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ World Ozone Day အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က မြဝတီမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး UNEP ၏အမှုဆောင်ညွှန်ကြားရေးမှူးမှပေးပို့လာသော မိန့်ခွန်း Video Message နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်မှ ပေးပို့လာသော Video နှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Clip တို့ကို ပြသခဲ့သည်။

ဆက်လက်ပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြကြောင်း သိရသည်။

(၄၀၆)




# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ဂန့်ဂေါ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေကို ဖတ်ရှုလေ့လာနိုင်စေရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်စေရန်ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာလ ၁၆ ရက်က ကျောတိုက်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ဂန့်ဂေါ)တွင် အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပသည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းတွင်စာဖတ်ခြင်းအကျိုးကျေးဇူးနှင့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ယဉ်ယဉ်အေးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ကာ အခြေခံပညာအထက်တန်းကျောင်း(ဂန့်ဂေါ)မှ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားအစီအစဉ်ဒုတိယပိုင်းအဖြစ် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ထည့်သွင်းကျင်းပသည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည့် အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် Never Stop Learning Talk Show တွင် ပါဝင်ဆွေးနွေးခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း (ဂန့်ဂေါ) ကျောင်းစာကြည့်တိုက်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသော သုတ၊ ရသစာအုပ်များကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးရာထွန်းက လက်ခံရယူသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

# နှလုံးရောဂါအတွက် ကုသခြင်းထက်ပို၍အရေးကြီးသော ကြိုတင်ကာကွယ်ခြင်း

ယနေ့ခေတ်တွင် နှလုံးသွေးကြောဆိုင်ရာရောဂါများသည် အသက်ကြီးသူများတွင်သာ ဖြစ်ပွားသည်ဟူသော အယူအဆမှာ ပြောင်းလဲလာပြီဖြစ်သည်။ အသက် ၃၀ နှင့် ၄၀ ကြားလူငယ်များတွင်ပင် နှလုံးဖောက်ပြန်ခြင်းနှင့်နှလုံးသွေးကြောပိတ်ဆို့ခြင်းများကြောင့် ဆေးရုံတက်ရောက်ရသည့်ဖြစ်ရပ်များကို ပိုမိုတွေ့ရှိလာရသည်။

တစ်ချိန်တည်းတွင် CT Angiography၊ Echo–cardiography နှင့် ECG ကဲ့သို့သော ရောဂါရှာဖွေရေးနည်းပညာများလည်း တိုးတက်လာသည်။ ဉာဏ်ရည်တုနည်းပညာ (AI) သည် ECG၊ Echocardiogram နှင့် CT Angiogram များဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများကိုစစ်ဆေးရှာဖွေရာတွင် အထောက်အကူပြုနိုင်လာသည်။ သို့သော် နည်းပညာများမည်မျှတိုးတက်လာစေကာမူ နှလုံးရောဂါမဖြစ်မီကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်ပွားပြီးနောက် ကုသခြင်းထက် ပိုမိုထိရောက်ပြီး အကျိုးရှိနေဆဲဖြစ်သည်။

**“ယနေ့ခေတ်တွင် အချိန်ကြာမြင့်စွာထိုင်ပြီးအလုပ်လုပ်ခြင်း၊ ကွန်ပျူတာနှင့်မိုဘိုင်းလ်ဖုန်းမျက်နှာပြင်ရှေ့တွင် အချိန်များစွာကုန်ဆုံးခြင်း၊ ပြုပြင်ထားသောအစားအစာများ၊ ဆားနှင့်သကြားများသောအစားအစာများကို မကြာခဏစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ နာတာရှည်စိတ်ဖိစီးမှုနှင့်အိပ်စက်ချိန်မလုံလောက်ခြင်း၊ ဆေးလိပ်နှင့်တခြားဆေးရွက်ကြီးထုတ်ကုန်များ အသုံးပြုခြင်းတို့ကြောင့် နှလုံးရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင် . . .”**

### စောစီးစွာကာကွယ်ရန်လိုအပ်ခြင်း

နှလုံးရောဂါဖြစ်နိုင်ခြေကို မြင့်တက်စေသည့်အချက်များသည် နှစ်ပေါင်းများစွာအတွင်း တဖြည်းဖြည်းစုပုံလာတတ်သည်။ သွေးတိုးရောဂါ၊ ကိုလက်စထရောမြင့်မားခြင်း၊ သွေးတိုးဆီးချိုရောဂါနှင့် သွေးလွှတ်ကြောအတွင်း အဆီများစုပုံခြင်းတို့သည် အစောပိုင်းအဆင့်တွင် သိသာသောလက္ခဏာမပြနိုင်ပါ။ ထို့ကြောင့် လူတစ်ဦးသည် မိမိကိုယ်မိမိကျန်းမာနေသည်ဟုထင်နေချိန်တွင်ပင် သွေးလွှတ်ကြောများအတွင်း ပျက်စီးမှုများ တဖြည်းဖြည်းဖြစ်ပေါ်နေတတ်သည်။ လက္ခဏာများပေါ်လာချိန် သို့မဟုတ် နှလုံးဖောက်ပြန်ချိန်တွင် ရောဂါသည် ပြင်းထန်သည့်အဆင့်သို့ ရောက်ရှိနေပြီးဖြစ်နိုင်သည်။

နှလုံးဖောက်ပြန်မှုကြောင့် နှလုံးကြွက်သားတစ်စိတ်တစ်ပိုင်းပျက်စီးသွားပါက ထိုတစ်သျှူးများသည် အပြည့်အဝပြန်လည်ကောင်းမွန်ရန် ခက်ခဲသည်။ ဆေးကုသမှုများသည် အသက်ကိုကယ်တင်ရန်၊ သွေးစီးဆင်းမှုပြန်လည်ရရှိစေရန်နှင့် ရောဂါလက္ခဏာများကို ထိန်းချုပ်ရန်အရေးကြီးသော်လည်း ပျက်စီးပြီးသား နှလုံးကြွက်သားကို မူလအတိုင်း အပြည့်အဝပြန်လည်တည်ဆောက်ပေးနိုင်ခြင်းမရှိသေးပါ။ ထို့ကြောင့် ရောဂါဖြစ်ပြီးနောက် ကုသခြင်းထက် ရောဂါမဖြစ်ပွားမီအန္တရာယ်အချက်များကို ရှာဖွေထိန်းချုပ်ခြင်းက ပိုမိုလွယ်ကူပြီးထိရောက်သည်။

### လူနေမှုပုံစံပြောင်းလဲမှု

လူငယ်များတွင် နှလုံးရောဂါစောစီးစွာဖြစ်ပွားလာခြင်းနှင့်ပတ်သက်၍ လူနေမှုပုံစံပြောင်းလဲမှုများကိုအရေးကြီးသော အကြောင်းရင်းများအဖြစ် ကျွမ်းကျင်သူများက ထောက်ပြကြသည်။

ယနေ့ခေတ်တွင် အချိန်ကြာမြင့်စွာထိုင်ပြီးအလုပ်လုပ်ခြင်း၊ ကွန်ပျူတာနှင့်မိုဘိုင်းလ်ဖုန်းမျက်နှာပြင်ရှေ့တွင် အချိန်များစွာကုန်ဆုံးခြင်း၊ ပြုပြင်ထားသောအစားအစာများ၊ ဆားနှင့်သကြားများသောအစားအစာများကိုမကြာခဏစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ နာတာရှည်စိတ်ဖိစီးမှုနှင့်အိပ်စက်ချိန်မလုံလောက်ခြင်း၊ ဆေးလိပ်နှင့်တခြားဆေးရွက်ကြီးထုတ်ကုန်များအသုံးပြုခြင်းတို့ကြောင့် နှလုံးရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်သည်။ ထို့ပြင် ထိန်းချုပ်မှုမရှိသော သွေးတိုး၊ သွေးချိုဆီးချိုနှင့် ကိုလက်စထရောမြင့်မားခြင်းတို့သည် အန္တရာယ်ကိုပိုမိုတိုးမြင့်စေသည်။ သို့သော် လူနေမှုပုံစံကိုပြုပြင်ခြင်းနှင့်အန္တရာယ်အချက်များကို စောစီးစွာရှာဖွေထိန်းချုပ်ခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို သိသိသာသာလျှော့ချနိုင်သည်။

### နှလုံးကျန်းမာရေးအတွက် လိုက်နာသင့်သည့်အချက်များ

နှလုံးရောဂါကာကွယ်ခြင်းသည် တစ်ကြိမ်တည်းပြုလုပ်ရသည့်စစ်ဆေးမှုတစ်ခုမဟုတ်ဘဲ နေ့စဉ်အလေ့အထများနှင့် ရေရှည်ကျန်းမာရေးစောင့်ရှောက်မှုတို့ပေါင်းစပ်ထားသည့် လုပ်ငန်းစဉ်ဖြစ်သည်။

### အာဟာရပြည့်ဝသောအစားအစာစားပါ

အိမ်ချက်အစားအစာများ၊ ဟင်းသီးဟင်းရွက်၊ သစ်သီး၊ ပဲအမျိုးမျိုး၊ အစေ့အဆန်များနှင့်အမျှင်ဓာတ်ကြွယ်ဝသောအစားအစာများကို ပိုမိုရွေးချယ်ပါ။ ပြုပြင်ထားသောအစားအစာများ၊ ဆားနှင့်သကြားများသော အစားအစာများ၊ အဆီများသောအစားအစာများကိုလျှော့ချသင့်သည်။

### ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ

လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း သို့မဟုတ် မိမိနှင့်ကိုက်ညီသည့် ကိုယ်လက်လှုပ်ရှားမှုတစ်မျိုးမျိုးကို ပုံမှန်ပြုလုပ်ပါ။ အချိန်ကြာမြင့်စွာထိုင်ရသူများအနေဖြင့် အလုပ်ချိန်အတွင်း ခဏခဏထပြီးလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ဆန့်ခြင်းတို့ပြုလုပ်သင့်သည်။ လှုပ်ရှားမှုကိုစတင်ရာတွင် မိမိ၏ကျန်းမာရေးအခြေအနေနှင့်ကိုက်ညီသော ပမာဏမှစပြီး တဖြည်းဖြည်းတိုးမြှင့်ပါ။

### ဆေးရွက်ကြီးကိုရှောင်ကြဉ်ပါ

ဆေးလိပ်သောက်ခြင်းနှင့်ဆေးရွက်ကြီး ထုတ်ကုန်များအသုံးပြုခြင်းသည် သွေးကြောများကိုပျက်စီးစေပြီး နှလုံးဖောက်ပြန်ခြင်းအပါအဝင် နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေကို မြင့်တက်စေသည်။ ဆေးလိပ်ဖြတ်ရန်အခက်အခဲရှိပါက ကျန်းမာရေးဝန်ထမ်းများထံမှ အကူအညီများရယူနိုင်သည်။

### အိပ်စက်မှုနှင့်စိတ်ဖိစီးမှုကိုဂရုစိုက်ပါ

အိပ်စက်ချိန်မလုံလောက်ခြင်းနှင့် စိတ်ဖိစီးမှုကြာရှည်ခြင်းသည်သွေးပေါင်ချိန်နှင့် တခြားကျန်းမာရေးအန္တရာယ်များကိုထိခိုက်စေနိုင်သည်။ အိပ်စက်ချိန်မှန်ကန်စေရန်၊ အလုပ်နှင့်အနားယူချိန်ကိုညှိယူရန်နှင့်စိတ်ဖိစီးမှုလျှော့ချနိုင်သည့် လှုပ်ရှားမှုများပြုလုပ်ရန်လိုအပ်သည်။

### အဆင့်မြင့်နည်းပညာများဖြင့် စစ်ဆေးမှုများပြုလုပ်ခြင်း

CT Angiography ကဲ့သို့သော ပုံရိပ်ဖော်စစ်ဆေးမှုများသည် သင့်လျော်သောလူနာများတွင် နှလုံးသွေးကြောအခြေအနေကိုသိရှိရန် အရေးပါသောကိရိယာများဖြစ်သည်။ သို့သော် လက္ခဏာမရှိသူတိုင်းကို ပုံမှန်ပုံရိပ်ဖော်စစ်ဆေးမှုများပြုလုပ်ခြင်းသည် နှလုံးဖောက်ပြန်မှုနှင့်သေဆုံးမှုကို အလိုအလျောက်လျှော့ချမပေးနိုင်ပါ။

CT Angiography တွင် သွေးကြောကျဉ်းခြင်း သို့မဟုတ် ပိတ်ဆို့ခြင်းကိုတွေ့ရှိခြင်းသည် ရောဂါအန္တရာယ်ကိုနားလည်ရန် အထောက်အကူပြုနိုင်သည်။ သို့သော် ထိုတွေ့ရှိချက်တစ်ခုတည်းဖြင့်ကုသမှုလိုအပ်ချက် သို့မဟုတ် ရောဂါ၏နောက်ဆုံးအခြေအနေကိုမဆုံးဖြတ်နိုင်ပါ။ လူနာ၏လက္ခဏာများ၊ ဆေးမှတ်တမ်း၊ အန္တရာယ်အချက်များနှင့် တခြားစစ်ဆေးမှုရလဒ်များကိုပေါင်းစပ်စဉ်းစားပြီး သင့်လျော်သည့်စစ်ဆေးမှုနှင့်ကုသမှုကို ဆရာဝန်ကသာ ဆုံးဖြတ်သင့်သည်။ မလိုအပ်သော စစ်ဆေးမှုများသည် ကုန်ကျစရိတ်တိုးမြင့်နိုင်သည့်အပြင် ထပ်မံစစ်ဆေးမှုများ သို့မဟုတ် ကုသမှုများကိုလည်းဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ဆရာဝန်၏အကြံပြုချက်မပါဘဲ မိမိသဘောဖြင့် စစ်ဆေးမှုများပြုလုပ်ခြင်းကို ရှောင်ကြဉ်သင့်သည်။

### ဉာဏ်ရည်တုနည်းပညာ(AI) ၏အခန်းကဏ္ဍ

ဉာဏ်ရည်တုနည်းပညာသည် နှလုံးအထူးကုဆရာဝန်များကို အစားထိုးရန်ထက် ဆေးဘက်ဆိုင်ရာအချက်အလက်များကို မြန်ဆန်စွာခွဲခြမ်းစိတ်ဖြာပေးနိုင်သည့် အထောက်အကူပြုနည်းပညာတစ်ခုအဖြစ် ပိုမိုသင့်လျော်သည်။ ဉာဏ်ရည်တုနည်းပညာကိုအသုံးပြု၍ ECG တွင် နှလုံးဖောက်ပြန်ခြင်း သို့မဟုတ် နှလုံးခုန်မမှန်ခြင်းများကို စောစီးစွာသတိပြုမိစေနိုင်ခြင်း၊ Echocardiogram နှင့် CT Angiogram များကို အစောပိုင်းအကဲဖြတ်ရာတွင် ကူညီနိုင်ခြင်း၊ အန္တရာယ်မြင့်မားသောလူနာများကို ဦးစားပေးသတ်မှတ်နိုင်ခြင်းဖြင့် နှလုံးအထူးကုဆရာဝန်မလုံလောက်သည့်ဒေသများတွင် ကနဦးအကဲဖြတ်မှုကိုအထောက်အကူပြုနိုင်သည်။ သို့သော် ဉာဏ်ရည်တုနည်းပညာ၏ရလဒ်သည် နောက်ဆုံးရောဂါအတည်ပြုချက်မဟုတ်ပါ။ လူနာ၏လက္ခဏာများနှင့်ဆေးဘက်ဆိုင်ရာအခြေအနေများကို ထည့်သွင်းစဉ်းစားပြီး ဆရာဝန်ကသာနောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်သင့်သည်။

### အရေးပေါ်လက္ခဏာများ

အောက်ပါလက္ခဏာများဖြစ်ပေါ်ပါက နှလုံးဖောက်ပြန်မှုဖြစ်နိုင်သောကြောင့် အရေးပေါ်ဆေးကုသမှုချက်ချင်းခံယူသင့်သည်—

ရင်ဘတ်အောင့်ခြင်း သို့မဟုတ် ရင်ဘတ်ဖိသိပ်သလိုခံစားရခြင်း၊ နာကျင်မှုသည် လက်မောင်း၊ ပခုံး၊ ကျော သို့မဟုတ် မေးရိုးသို့ပျံ့နှံ့ခြင်း၊ အသက်ရှူမဝခြင်း၊ မူးဝေခြင်း သို့မဟုတ် အားနည်းသလိုခံစားရခြင်း၊ ပျို့အန်ခြင်း၊ ချွေးစေးထွက်ခြင်း။

အနှစ်ချုပ်အားဖြင့် နှလုံးရောဂါကိုကာကွယ်ရန်အတွက် အဆင့်မြင့်နည်းပညာများကိုသာ အားကိုးခြင်းထက် နေ့စဉ်လူနေမှုပုံစံကိုပြုပြင်ခြင်းက အခြေခံအကျဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများစားသုံးခြင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့်ဆေးရွက်ကြီး ထုတ်ကုန်များရှောင်ခြင်း၊ သွေးပေါင်ချိန်၊ သွေးတွင်းသကြားဓာတ်နှင့် ကိုလက်စထရောကိုထိန်းချုပ်ခြင်းတို့သည် နှလုံးရောဂါမဖြစ်မီလုပ်ဆောင်နိုင်သည့် အရေးကြီးသော ကာကွယ်ရေးနည်းလမ်းများဖြစ်သည်။ နှလုံးကျန်းမာရေးအတွက် အကောင်းဆုံးကုသမှုမှာ ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းပင်ဖြစ်ကြောင်း ကျန်းမာရေးသုတအဖြစ် မျှဝေလိုက်ပါသည်။

**ဒေါက်တာသိဂီကျော်**

## ရေတာရှည်မြို့နယ်၌ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်



**ရေတာရှည် စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာပေးသင်တန်းကို စက်တင်ဘာလ ၁၆ ရက်က တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်းခန်းမ၌ ကျင်းပသည်။


အဆိုပါ သင်တန်းဖွင့်ပွဲတွင် တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းကိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းတွင် သင်ကြားပို့ချပေးမည့် တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးနည်းပညာပေး သင်ခန်းစာများကို တောင်သူများအနေဖြင့် ဂရုတစိုက်လေ့လာသင်ယူကြရန်ပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ရန်ကင်း**

## မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လှေအသင်း ၃၁ သင်းပါဝင်ယှဉ်ပြိုင်မည်



**မိတ္ထီလာ စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ သမိုင်းဝင်ဖောင်တော်ဦးစေတီတော်၏ (၁၄၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ထည့်သွင်းကျင်းပမည့်မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လှေအသင်း ၃၁ သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အဆိုပါလှေပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆန်းထံမှ သိရသည်။

"သမိုင်းဝင် ဖောင်တော်ဦးစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်မှာ ထည့်သွင်းကျင်းပမယ့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲမှာ အမျိုးသားအကြီးတန်းပြိုင်ပွဲဝင် ခြောက်သင်း၊ အငယ်တန်းပြိုင်ပွဲဝင် အသင်း ၂၀ နဲ့ အမျိုးသမီးအသင်း ငါးသင်း စုစုပေါင်း ၃၁ သင်း ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဘုရားပွဲတော်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၉ ရက်မှာ ကျင်းပပြီး လှေပြိုင်ပွဲကိုလည်း တစ်ပါတည်းဖွင့်ပွဲကျင်းပကာ လှော်ခတ်ပြသမှာဖြစ်ပေမယ့် ပြိုင်ပွဲကိုတော့ စက်တင်ဘာလ ၂၁ ရက်မနက်ပိုင်းမှာစတင်ကျင်းပသွားမှာဖြစ်ပါတယ်"ဟု လှေပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းက ပြောသည်။

လှေပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် လှေလမ်းကြောင်း အမှတ်အသားတိုင်များစိုက်ထူခြင်းနှင့် ပွဲကြည့်စင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ စက်တင်ဘာလ ၁၉ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် ခင်းကျင်းရောင်းချမည့် ဆိုင်ခန်းများ ဆောက်လုပ်ပြင်ဆင်ခြင်း၊ အပျော်စီးချားရဟတ်များပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(၆၀၂)

## ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးသင်တန်းဖွင့်လှစ်

**ဝမ်းတွင်း စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ ရွှေတောင်၌ ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး သင်တန်းကို စက်တင်ဘာလ ၁၆ ရက်တွင် ဖွင့်လှစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေဝင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက်အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ဝါသီးနှံစိုက်ခင်းသို့ ကွင်းဆင်းသွားရောက်၍ သင်တန်းသားများအား စိုက်ပျိုးနည်းစနစ်များ၊ မျိုးရွေးချယ်မှု၊ ပိုးသတ်ဆေးသုံးစွဲမှုတို့ကို ရှင်းလင်းပြောကြားကာ လိုအပ်သည်များ မှာကြားသည်။

အဆိုပါသင်တန်းတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ဝါစိုက်ပျိုးသည့်မြို့နယ်များမှ ဝန်ထမ်းများ တက်ရောက်ပြီး သင်တန်းကို စက်တင်ဘာလ ၁၆ ရက်မှ ၂၇ ရက်အထိ ၁၂ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပိုင်ဟိန်း**

## အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကျင်းပ



**တောင်ကြီး စက်တင်ဘာ ၁၇**

မြန်မာအမျိုးသမီး ဘောလုံးအားကစားအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပြိုင်ပွဲများကို စက်တင်ဘာလ ၁၆ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၄ ဂိုး - ဂိုးမရှိဖြင့်အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် အနိုင်ရရှိသည့် ရှမ်းပြည်နယ်အသင်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုငွေကျပ် ၁၀ သိန်း၊ ရှမ်းပြည်နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာလ ၁၆ ရက်တွင် ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ၁၇ ရက်တွင် ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ၁၉ ရက်တွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ၂၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ၂၃ ရက်တွင် ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့က အုပ်စုပြိုင်ပွဲများအဖြစ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့ လာရောက် အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

**ထက်ဝေ(ပြန်/ဆက်)**

## ဟန်ချက်ညီညီ

❖ တွဲလက်မြဲစွာ၊ ရပ်တည်ပါလျှင်
ဘာပဲလုပ်လုပ်၊ သရုပ်ပီပြင်
အောင်မြင်မှုများ ထပ်ဆင့်ပွား။

❖ စိတ်ဓာတ်ခိုင်မာ၊ နိုးကြားပါက
ဘာပဲတွေ့တွေ့၊ ချောမွေ့လမ်းသင့်
သီးပွင့်မှုများ ထပ်ဆင့်ပွား။

❖ မရွံ့တမ်းသာ၊ ကြိုးပမ်းပါသော်
ဘာပဲမှန်းမှန်း၊ ခွင့်လမ်းထင်ဟပ်
ရလဒ်ကောင်းများ ထပ်ဆင့်ပွား။

❖ တူညီသစွာ၊ ခိုင်မြဲပါစေ
ဘာပဲပြုပြု၊ အန်တုရှေ့ဆက်
တိုးတက်မှုများ ထပ်ဆင့်ပွား။

❖ အတွေးခေါ်မှန်၊ သိမြင်မှန်ဖြင့်
နိုင်ငံပြည်ရွာ၊ ဝင့်ထည်ဖြာရေး
ညီညာရှေ့ဆက်၊ လှမ်းချီတက်စဉ်
လက်တွေ့ယှဉ်လျက်၊ ဦးတည်ချက်တွေ
သက်ဝင်လေရန်၊ ဖော်ဆောင်ရန်ကား
"ဟန်ချက်ညီစွာ၊ အားထုတ်ပါမှ"
ချီရာပန်းတိုင်၊ တက်လှမ်းနိုင်လိမ့်
"နိုင်ငံပြည်ရွာ၊ တိုးတက်သာရေး"
ကျရာတူပြိုင်၊ စွမ်းမြိုင်မြိုင်နှင့်
မယိုင်မနဲ့၊ မရွံ့မစောင်း
ခွင့်ကောင်းဆုပ်ကိုင်၊ လှမ်းဆွတ်နိုင်ဖို့
ခိုင်ကျည် လက်ယှက် တက်လက်ညီ ။
"ညီညွတ်ခြင်းများ" သက်သေတည် ။
"လုပ်အား" ပြဖို့ လိုပါမည်။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

**MWD Education, Knowledge & Sports Channel** ၁၈-၉-၂၀၂၆ (သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ မှ ၀၈:၃၅ | Grade-10 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၅:၃၀ မှ ၁၈:၅၂ | Grade-10 | သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၃။ | ၁၈:၅၂ မှ ၂၀:၂၅ | Grade-10 | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |

**နံနက်စာကို အသားရော၊ အသီးအနှံပါ စုံလင်စွာ စားသောက်သင့်သည်။**

**ကြွက်သားအားကောင်းစေရန် လမ်းများများ လျှောက်ပေးပါ။**

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုံ ဧက ၃၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**စစ်ကိုင်း စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုံဧက ၃၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်၌ စိုက်ပျိုးမည့် ဂျုံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရှိပြီးသားစိုက်ပျိုးရေးထွက်ကုန်များကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်းသိရသည်။



(၄၀၉)

# တရုတ်-အာဆီယံ နည်းပညာဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်း ဦးဆောင်သည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်






**နေပြည်တော် စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံ နန်နင်းမြို့၌ စက်တင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပသည့် (၁၄) ကြိမ်မြောက် တရုတ်-အာဆီယံ နည်းပညာလွှဲပြောင်းရေးနှင့် ပူးပေါင်းဆန်းသစ်တီထွင်မှုဖိုရမ်နှင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဆိုင်ရာအခမ်းအနားကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်း ဦးဆောင်သည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။


စက်တင်ဘာလ ၁၆ ရက်က ကျင်းပသည့် တရုတ်-အာဆီယံ နည်းပညာလွှဲပြောင်းရေးနှင့် ပူးပေါင်းဆန်းသစ်တီထွင်မှုဖိုရမ်တွင် ဒုတိယဝန်ကြီးက AI Innovation Cooperation နှင့် စပ်လျဉ်း၍လည်းကောင်း၊ AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် တရုတ်-အာဆီယံနိုင်ငံများအကြား AI နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို လည်းကောင်း မျှဝေဆွေးနွေးပြီး တရုတ်-အာဆီယံ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်မှုဆုချီးမြှင့်ပွဲ တက်ရောက်ကာ ဆုများပေးအပ်သည်။

ထို့ပြင် ဖိုရမ်နှင့် ဆက်စပ်အခမ်းအနားများတွင်ပါဝင်ပြီး တရုတ်-အာဆီယံဒေသအတွင်း သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နည်းပညာလွှဲပြောင်းမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် နည်းပညာများကို စီးပွားရေးနှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာအသုံးချနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဖိုရမ်အတွင်း Wuxiang Cloud Valley Co., Ltd. နှင့် Guangxi Institute of Artificial Intelligence တို့ကို သွားရောက်ပြီး Artificial Intelligence နှင့် ဆက်စပ်ခေတ်မီနည်းပညာများ၊ သုတေသနနှင့် လက်တွေ့အသုံးချမှုဆိုင်ရာလုပ်ငန်းများကို လေ့လာခဲ့သည်။

စက်တင်ဘာလ ၁၇ ရက်တွင် ဒုတိယဝန်ကြီးသည်(၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဖွင့်ပွဲ တက်ရောက်ပြီး အဆိုပါကုန်စည်ပြပွဲအတွင်း ပြသထားသည့် အဆင့်မြင့်နည်းပညာဆိုင်ရာ ပြခန်းများကို လေ့လာကြည့်ရှုကာ နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအခြေပြု ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးမှုများမှတစ်ဆင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ နည်းပညာလွှဲပြောင်းမှုများနှင့် နည်းပညာအသုံးချမှုများ ပိုမိုမြှင့်တင်နိုင်ခြင်း၊ Artificial Intelligence အပါအဝင် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတွေ့အကြုံနှင့် အသိပညာများအပြန်အလှန်ဖလှယ်ခြင်းတို့ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **မြဝတီ**





❒ **ရှေ့ဖုံးမှအဆက်**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်




စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

➤ **အဝေးသင်မှ**

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | - | ၁-၁၀-၂၀၂၆ မှ ၇-၁၀-၂၀၂၆ ထိ |
| ဒုတိယအသုတ်အဝေးသင်ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၂-၁၀-၂၀၂၆ မှ ၃၀-၁၀-၂၀၂၆ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၆-၁၁-၂၀၂၆ မှ ၂၅-၁၁-၂၀၂၆ ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

# ဇီးကုန်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ်ထုတ်ချေး

**ဇီးကုန်း စက်တင်ဘာ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဝက်စာပိုးအုပ်စု ထန်းကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်းရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ အကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထန်းကုန်းကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ခုနစ်ဦး၊ စိုက်ပျိုးရေးလုပ်ငန်း ၃၈ ဦး၊ မွေးမြူရေးလုပ်ငန်း ၁၇ ဦး၊ အရောင်းအဝယ် ခုနစ်ဦး၊ အသက်မွေးဝမ်းကျောင်း ခုနစ်ဦးဖြင့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးအတွက်ချေးငွေကျပ် ၂၉၄ သိန်းအား ထန်းကုန်းကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကော်မတီမှ ထုတ်ချေးပေးခဲ့ကြောင်းသတင်းရရှိသည်။ **(၄၁၀)**

### စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၇၁၇၉ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၇**

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှ ၂၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၁၇၉ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **မြဝတီ**

### အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့ ညနေ ၄ နာရီ ၀၃ မိနစ် ၅၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ကျောက်ဆည်မြို့၏ အရှေ့ဘက် ၁၈ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ်၂၁ ဒသမ ၆၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၄၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၃ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**




# လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ရေရှည်တည်တံ့စွာရရှိစေရန် ကြိုတင်စီမံကိန်းချမှတ်ပြီး ပူးပေါင်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၇**

အရည်အသွေးအာမခံမှုလုပ်ငန်းသည် အဆင့်မြင့်ပညာအဖွဲ့အစည်းများတွင် သင်ကြားသင်ယူမှု၊ စီမံခန့်ခွဲမှုနှင့် ပံ့ပိုးဝန်ဆောင်မှုများကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်သော စဉ်ဆက်မပြတ် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ရေရှည်တည်တံ့စွာရရှိစေရန် ကြိုတင်စီမံကိန်းချမှတ်ပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၃)၌ ကျင်းပသည့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ (NAQAC) အစည်းအဝေးတွင် ပြောကြားသည်။

ထို့အတူ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က တက္ကသိုလ်အဆင့်၊ ဦးစီးဌာနအဆင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာကြည်ရွှင်က အဆင့်မြင့်ပညာဦးစီးဌာနမှ ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၏ ကဏ္ဍ(၃)တွင် ဆုံးဖြတ်ခဲ့သော အရည်အသွေးအာမခံမှုဆိုင်ရာ ရည်မှန်းချက်(၃)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် NAQAC Institutional Quality Assurance Principles, Standards and Criteria များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြကာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများကို Virtual စနစ်ဖြင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ပညာရေးစနစ်ကို ဒေသတွင်းအာဆီယံနိုင်ငံများ၏ ပညာရေးစနစ်နှင့်နှိုင်းယှဉ်လေ့လာကာ ဘွဲ့ကြိုသင်တန်းများ၏သင်တန်းကာလကို ယနေ့ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပရေး၊ ရန်ကုန်နှင့်မန္တလေးအဝေးသင်တက္ကသိုလ်များကို National Open University များအဖြစ် အကောင်အထည်ဖော်နိုင်ရေးနှင့် တက္ကသိုလ်များတွင် Library-based learning နှင့် Project-based learning များ ထိရောက်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တည်ထောင်မှုဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ စက်တင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Shanghai Cooperation Organization Development Bank-SCOB) တည်ထောင်မှုဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့်အဖွဲ့ ပါဝင်တက်ရောက်သည်။




အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Min Liao နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံး၏စီးပွားရေးဝန်ကြီး Mr.Aslam Chaudhary တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ကြားဖြတ်အတွင်းရေးမှူးရုံးက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ(မူကြမ်း)၊ ရှယ်ယာခွဲဝေမှု၊ မဲပေးပိုင်ခွင့်နှင့်ဆုံးဖြတ်ချက်ချမှတ်ရမည့်ပုံစံ၊ ဘဏ်သို့ရင်းနှီးငွေထည့်ဝင်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုပုံစံ၊ သက်သာသောချေးငွေပံ့ပိုးမှု (Concessional Window) နှင့် ရှေ့ဆက်လက်ဆောင်ရွက်မှုလုပ်ငန်းအစီအစဉ်တို့ကိုလည်းကောင်း၊ ကမ္ဘာ့ဘဏ်တွင်ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် Mr. Jingdong Hua က အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဘဏ်များ၏ ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်မှုပုံစံများကိုလည်းကောင်း၊ Industrial and Commercial Bank of China (ICBC) က ဘဏ္ဍာရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုတွင် လက်တွေ့ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့်ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

**မြဝတီ**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်သည့် အမျိုးသားရေးလုပ်ငန်း တစ်ရပ်အဖြစ် ခံယူဆောင်ရွက်နေခြင်းဖြစ်

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲတစ်ခုအဖြစ်သာမက မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်သည့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် ခံယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်က ယနေ့ပြောကြားသည်။



ယနေ့နံနက်၉နာရီတွင်ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့်(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းထိန်းသိမ်းပေးနိုင်ရေး၊ အမျိုးသားယဉ်ကျေးမှုစိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ရေးနှင့် မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အမျိုးသားရေးဆိုင်ရာ ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

**မြဝတီ**

# မကွေးမြို့၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မကွေး စက်တင်ဘာ ၁၇**

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများသည်ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ၊ ပြိုင်ပွဲတွင် အနီးကပ်ကြီးကြပ်ပေးခဲ့ကြသည့် နည်းပြနှင့် ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဝါးပင်ပေါက်စမျှစ်၏ကျန်းမာရေးအကျိုးသက်ရောက်မှုများ

**ဒေါက်တာလပြည့်ခင်**

**မျှစ်(Bamboo Shoots)**

မျှစ်သည် အကြီးဆုံးနှင့်အရှည်ဆုံးသော မြက်မျိုးရင်းဝင်အပင်တစ်မျိုးဖြစ်ပြီး ဝါးပင်နုနုလေးဖြစ်သည်။ တစ်နည်းအားဖြင့် ဝါးမျိုးနွယ်ဝင်ဟုပြောနိုင်သည့် မျှစ်ကို အင်္ဂလိပ်လို Bamboo shoots သို့မဟုတ် Bamboo Sprouts ဟု ခေါ်ဆိုပြီး Bamboo ဆိုသည်မှာ ဝါးပင်ကိုခေါ်ခြင်းဖြစ်ပြီး Shoot ဆိုသည်မှာ အတက်အကင်းဖြစ်သောကြောင့် Bamboo Shoots သည် ဝါးပင်ပေါက်စ အတက်အကင်းလေးဖြစ်ပြီး အချိန်ကျလျှင်ဝါးဖြစ်လာမည့် မျှစ်စို့လေးကို ဆိုလိုခြင်းဖြစ်သည်။ ဝါးကို ရုက္ခဗေဒအလိုအရ Bambusa



vulgaris, Phyllostachys edulis ဟုခေါ်ပြီး Dendocalamus မျိုးရင်းဝင်ဖြစ်သော ဝါးပင်ပေါက်လေးကို ၁၄ ရက်မတိုင်မီ အမြင့် ၁ ပေမပြည့်မီ ခူးဆွတ်ထားသည့် ဝါးပင်၏ သားတက်လေးများကို ချိုးယူ၍ မျှစ်အဖြစ်စားသောက်ကြခြင်းဖြစ်ပြီး ခပ်ကြွပ်ကြွပ်လေးနှင့်စားကောင်းလှသည်။ ဝါးအမျိုးမျိုးရှိသကဲ့သို့ မျှစ်လည်း အမျိုးအစားများစွာရှိပြီး မည်သည့်မျှစ်အမျိုးအစားဖြစ်စေ အာဟာရဓာတ်များစွာပါပြီး ဈေးနှုန်းအသင့်အတင့်သာရှိသောကြောင့် လူမျိုးဘာသာမရွေး လူတန်းစားမရွေး ကြိုက်နှစ်သက်ကြခြင်းဖြစ်သည်။ အာရှနိုင်ငံအများစုတွင် ပေါက်ရောက်ပြီး အာရှဒေသခံများအတွက် အလွန်အသုံးဝင်သည့်အပင်တစ်မျိုးဖြစ်သည်။

**ဝါးပိုးမျှစ်**

မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ်ပေါင်း ၁၀၀ ကျော်ရှိသော်လည်း စားသုံးနိုင်သော ဈေးကွက်ဝင်မျှစ်မှာ အနည်းငယ်သာရှိပြီး Dendocalamus မျိုးရင်းဝင်ဖြစ်သော ဝါးပိုးမျှစ်များကိုသာ အဓိကထား စီးပွားဖြစ်ထုတ်လုပ်ရောင်းချကြသည်။ မျှစ်ကို ချက်ချင်းလက်ငင်းချိုးယူစားသုံးနိုင်သကဲ့သို့ တာရှည်ခံအောင်ထား၍လည်း စားသုံးနိုင်သည်။ ဝါးမျိုးမျှစ်များကို နှစ်စဉ် ဇူလိုင်လမှ စက်တင်ဘာလလောက်အထိ သဘာဝဝါးတောများတွင် နီးစပ်ရာ ဒေသခံတောင်သူများမှ ရိတ်သိမ်းကြသည်။ လတ်ဆတ်သောမျှစ်များ (Fresh Shoot) ကို ရာသီပေါ်သီးနှံများကဲ့သို့ (လတ်လတ်ဆတ်ဆတ် ထုတ်ယူရောင်းချနိုင်သလို) မိမိတစ်နိုင်တစ်ပိုင် စီးပွားရေးအဖြစ် မျှစ်ချဉ် (Pickle Shoot)၊ မျှစ်ချို (Dry Shoot) များပြုလုပ်၍ တစ်နှစ်ပတ်လုံးသိုလှောင်၍လည်းရောင်းချနိုင်သည်။ ရက်သတ္တနှစ်ပတ်သားမတိုင်မီ ဝါးပင်ပေါက်လေးကို စားစရာမျှစ်အဖြစ် အသုံးဝင်ရုံမျှမက ဝါးပင်နှစ်နှစ်သားခန့်တွင် နှီးဖျာအဖြစ်ရက်လုပ်နိုင်ပြီး ငါးနှစ်သားခန့်တွင် အထပ်သား၊ ထရံ၊ ကုလားထိုင်၊ အိမ်အမိုးအကာနှင့် ဝါးတိုင်စသည်ဖြင့် လူ့အသုံးအဆောင်ပစ္စည်းများအဖြစ် ပြုလုပ်အသုံးပြုနိုင်သည်။

သစ်တောမဟုတ်သည့်သစ်တောထွက်ပစ္စည်းများအနက် ဝါးသည်လည်း အခြေခံလူတန်းစားများအတွက် အိမ်ရာအဆောက်အအုံများ ဖန်တီးပေးရုံသာမက မိသားစုစားရေရိက္ခာဖူလုံရေးအတွက်လည်း အထောက်အကူပြုသော သဘာဝက ဖန်တီးပေးသည့် ရတနာတစ်မျိုးဖြစ်သည်။ သို့သော်လည်း အရည်အသွေးကောင်းသောမျှစ်များကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ဝါးရုံများကို စနစ်တကျပြုစုပျိုးထောင်နည်း၊ မျှစ်များကို စနစ်တကျရိတ်သိမ်းနည်းစနစ်များကို သိရှိလေ့လာထားပါက မိမိမိသားစုနှင့်ပတ်ဝန်းကျင်အတွက်ပါ အကျိုးကျေးဇူးများစွာ ခံစားရရှိမည်ဖြစ်သည်။



**မျှစ်စားသုံးမှုပုံစံအမျိုးမျိုး**

မျှစ်ကိုအမျိုးမျိုးလုပ်စားနိုင်သည်။ ဥပမာအားဖြင့် မျှစ်ချဉ်းပဲပေါင်းစားခြင်း၊ ပြုတ်ပြီး ငါးပိရည်နှင့်တို့စားခြင်း၊ ကြော်စားခြင်း၊ သုပ်စားခြင်းအပြင် အသားတစ်မျိုးမျိုးနှင့်ကြော်စားခြင်း၊ မျှစ်ချဉ်နှင့်ဝက်သား သို့မဟုတ် ငါးခေါင်းနှင့်ဟင်းချိုချက်သောက်ခြင်း၊ မျှစ်ကိုအခြောက်လှန်းပြီး သုပ်စားခြင်း စသည်ဖြင့် စုံလင်စွာလုပ်စားနိုင်သည်။

**မျှစ်တွင်ပါဝင်သောအာဟာရဓာတ်များ**

မျှစ်သည် ပရိုတင်း(Protein) ကြွယ်ဝသလို ကယ်လိုရီပါဝင်မှုနည်းပါးပြီး ကာဗိုဟိုက်ဒရိတ်လည်းပါဝင်နေပြီး သကြားဓာတ်ပါဝင်မှုနည်းသလို အဆီဓာတ်လည်းပါဝင်မှုနည်းကာ အာဟာရဓာတ်အမျိုးမျိုးကြွယ်ဝစွာပါဝင်သည်။ မျှစ်တွင် ကစီဓာတ် (Carbohydrate) ၄ ရာခိုင်နှုန်းနှင့် အမိုင်နိုအက်စစ် (Amino Acid) အမျိုးပေါင်း ၁၇ မျိုးအပါအဝင် အသားဓာတ် (Protein) ၅ ရာခိုင်နှုန်းပါဝင်သောကြောင့် အာဟာရတန်ဖိုးမြင့်သည့်အပြင် ဆယ်လူလို့စ် (Cellulose) ခေါ်အမျှင်ဓာတ် (Fiber)၊ ဗီတာမင် B6 ဟုခေါ်သော Pyridoxine၊ ဗီတာမင်E ဟုခေါ်သော alpha-Tocopherol၊ ဗီတာမင် C ဟုခေါ်သော Ascorbic Acid၊ Retinol ဟုခေါ်သော ဗီတာမင် A၊ သံဓာတ် (Fe)၊ သွပ်ဓာတ် (Zn)၊ ဗီတာမင် B9 ဟုခေါ်သော ဖောလစ်အက်စစ်ဓာတ် (Folic Acid)၊ ဗီတာမင် B3 ဟုခေါ်သော နစ်ကိုတင်းနစ်အက်စစ် (Nicotinic Acid)၊ ဆီလီနီယမ်ဓာတ် (Se)၊ ကယ်လ်စီယမ် (Ca)၊ မဂ္ဂနီစီယမ် (Mg)၊ ပိုတက်စီယမ်ဓာတ် (K)၊ ဆိုဒီယမ် (Na)၊ ဇင့် (Zn)၊ မဂ္ဂနိစ် (Mn)၊ သံဓာတ် (Fe) တို့လည်း ကြွယ်ဝစွာပါရှိသည်။

**လတ်ဆတ်သောမျှစ် ၁၀၀ ဂရမ်တွင်ပါဝင်သောအာဟာရဓာတ်များ**

လတ်ဆတ်သော ၁၀၀ ဂရမ်အလေးချိန်ရှိသော ဝါးပင်ပေါက် မျှစ်စို့လေးတွင် စွမ်းအင် ၁၂ ကယ်လိုရီပါရှိပြီး ပရိုတင်း (Protein)၊ ရေဓာတ်(Water)၊ ကြေညက်လွယ်သော အမျှင်ဓာတ် (Soluable Fiber)၊ အိုမီဂါ ၃ ဖက်တီးအက်စစ် (Omega-3 Fatty Acids)၊ အိုမီဂါ ၆ ဖက်တီးအက်စစ် (Omega-6 Fatty Acids) တို့အပြင် ဗီတာမင်ဓာတ်များဖြစ်ကြသော ဗီတာမင် B1 (Thiamin)၊ ဗီတာမင် B2 (Riboflavin)၊ ဗီတာမင် B3 (Niacil)၊ ဗီတာမင် B6 (Pyridoxine)၊ ဗီတာမင် B9 (Folate): ဗီတာမင် B5 (Pantothenic Acid) တို့ပါဝင်သည့်အပြင် ကယ်လ်စီယမ် (Ca)၊ သံဓာတ်(Fe)၊ မဂ္ဂနီစီယမ် (Mg)၊ မီးစုန်း (P)၊ ပိုတက်စီယမ် (K)၊ ဇင့် (Zn)၊ ကော့ပါး (Cu)၊ မဂ္ဂနီးစ် (Mn)၊ စီလီနီယမ် (Se) အစရှိသည့် သတ္တုဓာတ်များလည်း ပါဝင်သည်။



**မြန်မာ့ဆေးကျမ်းပါမျှစ်ဆေးဖက်ဝင်ပုံများ**

ဒဗ္ဗဂုဏပကာသနီဆေးကျမ်းတွင် မျှစ်နုသည် ဖန်သောအရသာ၊ ချိုသောအရသာရှိ၏။ ပူ၏။ သလိပ်ကိုနိုင်၏ဟုဆိုထားသည်။ ဘာဝပ္ပကာသကျမ်းတွင် မျှစ်သည် ချို၏။ ပူ၏။ ဖန်၏။ လေသလိပ်ကို ပျက်စေတတ်၏ဟုဆိုထားသည်။ သုသုတကျမ်းတွင် မျှစ်သည်ချို၏။ ဖန်၏။ ဝမ်းမီးချက်ပြီးနောက် ပျက်စေတတ်၏ဟုဆိုထားသည်။

**အဆိပ်ပြေစေနိုင်သောမျှစ်**

မျှစ်တွင် အမျှင်ဓာတ် (Fiber)၊ ဗီတာမင် B၊ ဗီတာမင်A၊ သံဓာတ် (Fe)၊ သွပ်ဓာတ် (Zn)၊ ဖောလစ်အက်စစ်ဓာတ် (Folic Acid)၊ နစ်ကိုတင်းနစ်အက်စစ် (Nicotinic Acid) ဟုခေါ်သော ဗီတာမင် B3 (Niacin)၊ Powerful Antioxidant ဖြစ်သော ဆီလီနီယမ်ဓာတ် (Se)၊ ပိုတက်စီယမ်ဓာတ် (K) စသည့် ဗီတာမင်နှင့်သတ္တုဓာတ်များ ကြွယ်ဝစွာပါရှိသောကြောင့် မျှစ်သည် ခန္ဓာကိုယ်အတွင်းရှိ အဆိပ်များကိုပြေစေနိုင်သည်။

**နုပျိုစေသောမျှစ်**

မျှစ်သည် ကိုယ်တွင်းရှိဖရီးရက်ဒီကယ်ဓာတ်များ (Free Radicals) ကို လျှော့ချပေးနိုင်သောကြောင့် မျှစ်အား ရေရှည်စားသုံးပေးပါက နုပျိုပြီး အသက်ပိုရှည်စေနိုင်သည်။

**သွေးတိုးကျစေနိုင်သောမျှစ်**

မျှစ်တွင် ပိုတက်စီယမ်(K) ပါဝင်သောကြောင့် ခန္ဓာကိုယ်ထဲရှိ အရည်ဓာတ်များကိုထိန်းညှိပေးပြီး သွေးဖိအားကိုပုံမှန်ဖြစ်အောင် ထိန်းသိမ်းပေးနိုင်ကာ သွေးတိုးကို လျှော့ချပေးနိုင်သည်။

**အဆီချပေးနိုင်ပြီးကိုယ်အလေးချိန်မတက်စေနိုင်သောမျှစ်**

မျှစ်တွင်ပါဝင်သော ဗီတာမင် B နှင့် နီကိုတင်းနစ်အက်စစ် (Nicotinic Acid) တို့က အဆီချပေးနိုင်ပြီး မြင်းဖုခေါ် အသားလုံးတည်ခြင်းဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်သည်။ မျှစ်သည် ကယ်လိုရီနှင့် အဆီပါဝင်မှုနည်းပြီး အမျှင်ဓာတ်ပေါကြွယ်ဝသဖြင့် ကိုယ်အလေးချိန်ကျလိုသူများက မျှစ်ကိုစားသုံးပေးသင့်သည်။ ထို့ပြင် အမျှင်ဓာတ်များသော မျှစ်ကိုစားခြင်းဖြင့် အစာအိမ်ကိုပြည့်တင်းစေကာ နောက်ထပ်အစာစားချင်စိတ်ကို ချိုးနှိမ်ပေးသောကြောင့် ကိုယ်အလေးချိန်မတက်စေရန် တစ်ဖက်တစ်လမ်းမှ ကာကွယ်ရာရောက်သည်။

**ဝမ်းမှန်စေပြီးအူမကြီးကင်ဆာဖြစ်နိုင်ခြေကိုလျှော့ချပေးသောမျှစ်**

မျှစ်တွင် အမျှင်ဓာတ်ခေါ် ဆယ်လူးလို့စ်ဓာတ်လည်း များပြားစွာပါသည့်အတွက် အူမကြီးအား လှုပ်ရှားစေရန် နှိုးဆွပေးသောကြောင့် ဝမ်းချုပ်မှုမဖြစ်စေဘဲ ဝမ်းကိုမှန်စေကာ အူမကြီးကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်းဖြစ်သည်။ အမျှင်ဓာတ်ပေါကြွယ်ဝသော မျှစ်ကိုစားပေးခြင်းဖြင့် အစာကြေညက်စေကာ အူထဲရှိကောင်းကျိုးပြုသော ဗက်တီးရီးယားတို့ကို ကြီးထွားစေသည့်အပြင် အူသိမ်အူမတို့၏ လုပ်ငန်းဆောင်တာကို ချောမွေ့စေနိုင်သောကြောင့် ဝမ်းချုပ်တတ်သူများ အနေဖြင့် မျှစ်ကိုမကြာခဏစားပေးသင့်သည်။

**သွေးတွင်းကိုလက်စထရောကျစေနိုင်သောမျှစ်**

မျှစ်တွင် မပြည့်ဝဆီခေါ် Unsaturated Fat သာပါဝင်သည့်အတွက် မျှစ်စားသုံးခြင်းဖြင့် အဆီတက်မှာ စိုးရိမ်စရာမလိုသည့်အပြင် မျှစ်စားခြင်းဖြင့် ကိုလက်စထရောဓာတ်ကိုပါ ကျစေနိုင်သည်။ အမျှင်ဓာတ်ကြွယ်ဝသောမျှစ်ကို ပုံမှန်စားသုံးပေးခြင်းဖြင့် **စာမျက်နှာ ၁၃ သို့** ■

■ **စာမျက်နှာ ၁၂ မှ**

သွေးထဲရှိမကောင်းသော LDL ကိုလက်စထရောအဆီကို သိသာစွာလျှော့ကျစေနိုင်ကြောင်း ဝါရှင်တန်ပြည်နယ် တက္ကသိုလ်မှ လေ့လာမှုတစ်ခုတွင် ဖော်ပြထားသည်။

**နှလုံးရောဂါမဖြစ်ရန်ကြိုတင်ကာကွယ်ပေးနိုင်သောမှျစ်**

Phytonutrients ကြွယ်ဝသောမှျစ်က နှလုံး၏စွမ်းဆောင်ချက်ကို ကောင်းမွန်အောင်ထိန်းသိမ်းပေးခြင်း၊ မကောင်းသော LDL ကိုလက်စထရောများ လျှော့ချပေးနိုင်ခြင်း၊ မှျစ်တွင်ပါရှိသော ပိုတက်စီယမ်ဓာတ်က နှလုံးကိုပုံမှန်အလုပ်လုပ်စေခြင်း စသည့်အကျိုးဆက်များကြောင့် မှျစ်ကိုစားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ခြင်းမှ ကြိုတင်ကာကွယ်ပေးနိုင်သည်။ တစ်နည်းအားဖြင့် မှျစ်က သွေးကြောနံရံများထဲရှိ ကိုလက်စထရောဖြစ်တည်မှုကို ကာကွယ်ပေးပြီး မကောင်းသော LDL ကိုလက်စထရောများကို လျှော့ချပေးနိုင်သောကြောင့် နှလုံးကိုကျန်းမာစေခြင်းဖြစ်သည်။

**ကင်ဆာဆဲလ်များ ဖြစ်မလာအောင်ကာကွယ်ပေးနိုင်သောမှျစ်**

မှျစ်ထဲတွင်ပါရှိသော သဘာဝ Phytonutrients များက အစွမ်းထက်မြက်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် စွမ်းဆောင်ပေးသကဲ့သို့ DNA ပျက်စီးစေတတ်သော ခန္ဓာကိုယ်ကို ဆိုးကျိုးပေးသည့် ဖရီးရယ်ဒီကယ်လ်များ (Free Radicals) ကိုလည်း တိုက်ထုတ်ပေးနိုင်သဖြင့် ကင်ဆာရောဂါများမဖြစ်စေရေးအတွက် မှျစ်ကိုစားပေးသင့်သည်။ ထို့ပြင် မှျစ်ထဲတွင်ပါရှိသော ကလိုရိုဖီးလ် (chlorophyll) က ကင်ဆာဆဲလ်များ ဖြစ်မလာအောင် ကာကွယ်ပေးနိုင်သည်။

**ရောင်ရမ်းနာများကိုလျှော့ချပေးနိုင်သောမှျစ်**

မှျစ်ထဲတွင် anti-inflammatory ဂုဏ်သတ္တိများပါဝင်နေသောကြောင့် ဗက်တီးရီးယားနှင့် ကူးစက်ရောဂါပိုးအန္တရာယ်ကြောင့်ဖြစ်တတ်သော ခန္ဓာကိုယ်အတွင်းအပြင် ရောင်ရမ်းနာကျင်မှုများကို လျှော့ချပေးနိုင်စွမ်းရှိပြီး ခန္ဓာကိုယ်တွင်းရှိ ရောဂါပိုးမွှားများကို တိုက်ဖျက်ပေးနိုင်စွမ်းရှိသည်။

**အနာကျက်မြန်စေသောမှျစ်**

မှျစ်ရည်ကို ဒဏ်ရာများသက်သာစေရန်နှင့် အနာကျက်မြန်စေရန် အသုံးပြုကြလေ့ရှိသည်။

**ကိုယ်ခံစွမ်းအားကိုတိုးတက်မြင့်မားစေသောမှျစ်**

မှျစ်သည် ဗီတာမင်၊ သတ္တုဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ မြင့်မားစွာပါရှိနေသဖြင့် ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေသည်။

**ချောင်းဆိုးရင်ကျပ်သက်သာစေသောမှျစ်**

မှျစ်ကိုပြုတ်၍ရလာသောအရည်ကို ပျားရည်စစ်စစ်နှင့်ရောစပ်သောက်ပေးခြင်းဖြင့် ရင်ကျပ်ချောင်းဆိုးခြင်းနှင့် အသက်ရှူလမ်းကြောင်းပိတ်ဆို့ခြင်းအတွက်သက်သာကောင်းမွန်စေသည်။

**ဆီးလမ်းကြောင်းပိုးဝင်ခြင်းကိုကာကွယ်ပေးသောမှျစ်**

ဆီးလမ်းကြောင်းပိုးဝင်ခြင်းအတွက်ကိုလည်း မှျစ်စားပေးခြင်း၊ မှျစ်ပြုတ်ရည်သောက်ခြင်းတို့ဖြင့်သက်သာစေနိုင်သည်။

**အသားအရေကောင်းစေသောမှျစ်**

မှျစ်သည် ခန္ဓာကိုယ်အရေပြား၏ ဆဲလ်အသစ်များ ထုတ်လုပ်ခြင်းကို အားပေးသောကြောင့် အသားအရေကောင်းလိုသူများ မှျစ်စားပေးသင့်သည်။

**သွေးသန့်စေသောမှျစ်**

ဝါးရွက်ပြုတ်ရည်သောက်ပေးခြင်းဖြင့် အမျိုးသမီးများ ရာသီစက်ဝန်းကို မှန်ကန်စေပြီး သွေးသားသန့်စင်မှုကို အထောက်အကူပြုသည်။ တရုတ်နိုင်ငံတွင် ရိုးရာကုထုံးဓာတ်စာအဖြစ်ကိုယ်ဝန်ဆောင်များ ချောမွေ့စွာ မီးဖွားစေနိုင်ရန်အတွက် ကိုယ်ဝန်ဆောင်ချိန်၏ နောက်ဆုံးလတွင် မှျစ်ကိုစားသုံးစေသည့်အပြင် ကလေးမွေးရန် ရက်လွန်နေသူများလည်း မှျစ်စားပေးသင့်သည်။

**ဆီးချိုရောဂါသည်များစားသင့်သောမှျစ်**

မှျစ်ထဲတွင် မြင့်မားစွာပါရှိသော အမျှင်ဓာတ်များက အစာစားပြီးနောက် သွေးထဲရှိသကြားဓာတ်ကို ပုံမှန်ဖြစ်စေနိုင်သောကြောင့် ဆီးချိုရောဂါသည်များအတွက် မှျစ်ကများစွာကောင်းကျိုးဖြစ်စေသည်။

**အဆိပ်အတောက်ပြေစေသောမှျစ်**

မှျစ်တွင်ပါဝင်သော အာယုဗေဒ (Ayurvedic) ဆေးဖက်ဝင်ဂုဏ်သတ္တိများထဲတွင် တိရစ္ဆာန်များ၏အဆိပ်အတောက်ကိုပြေစေသည့်အာနိသင်လည်းပါဝင်သည်။ အိန္ဒိယနိုင်ငံတွင် အဆိပ်ရှိမြွေနှင့်ကင်းမြီးကောက်အဆိပ်ဖြေဆေးအတွက် မှျစ်ကို ရိုးရာကုထုံးအဖြစ် အသုံးပြုကြသည်။ အသက်အန္တရာယ်မရှိသည့် အဆိပ်ရှိအကောင်ကိုက်ခံရသည့်အခါတွင် မှျစ်ပြုတ်ရည်ကို လိမ်းပေးနိုင်သည်။

**ခန္ဓာကိုယ်ဇီဝဖြစ်စဉ်လုပ်ဆောင်မှုကောင်းစေသောမှျစ်**

မှျစ်တွင်ပါဝင်သော မဂ္ဂနီးစ်ဓာတ် (Mg) သည် ခန္ဓာကိုယ်ဇီဝဖြစ်စဉ် ပုံမှန်လုပ်ဆောင်မှုအတွက် အင်ဇိုင်းအဖြစ် အကျိုးသက်ရောက်မှုကို ဖြစ်စေသည်။

**အရိုးများကိုသန်မာစေသောမှျစ်**

မှျစ်ထဲတွင် ကယ်လ်စီယမ်ဓာတ် (Ca) အများအပြား မပါရှိသော်လည်း မှျစ်စားပေးခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော ကယ်လ်စီယမ်ဓာတ်ကို လုံလုံလောက်လောက် အထောက်အပံ့ဖြစ်စေသဖြင့် အရိုးများကိုသန်မာစေသည်။

**သွေးအားနည်းရောဂါကိုကာကွယ်နိုင်သောမှျစ်**

သံဓာတ်ပါရှိသော မှျစ်ကိုစားပေးခြင်းဖြင့် သွေးအားနည်းရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်သည်။

**သန်ကောင်များကိုသေစေနိုင်သောမှျစ်**

ဝါးရွက်တွင် methanol ဓာတ်မြင့်မားစွာပါရှိနေပြီး ဝါးရွက်ပြုတ်ရည်ကို သောက်ပေးခြင်းဖြင့် ဝမ်းဗိုက်အတွင်းရှိသန်ကောင်များကို သေစေနိုင်သည်။

**ကျီးပေါင်းရောဂါကိုသက်သာစေသောမှျစ်**

ဝါးမင်းဟုခေါ်သော ဝါးပင်ကိုသွေးလိမ်းပေးပါက ကျီးပေါင်းရောဂါကို သက်သာစေသည်။

**အစာအဆိပ်သင့်ရောဂါများကိုပျောက်ကင်းစေသောမှျစ်**

ဂျပန်နိုင်ငံတွင် နည်းပညာများကို အသုံးပြုကာ အော်ဂဲနစ် ဝါးမီးသွေးထုတ်လုပ်၍ ၎င်းဝါးမီးသွေးဆေးတောင့်သည် အစာအဆိပ်သင့်ရောဂါ၊ မှိုအဆိပ်သင့်ရောဂါ၊ ဝမ်းဖောဝမ်းရောင်ရောဂါနှင့်အရက်ကြောင့်ဖြစ်သောရောဂါများကို သက်သာပျောက်ကင်းစေသည်။ ထို့ပြင် ၎င်းဆေးတောင့်ကို ကြိုတင်သောက်သုံးခြင်းဖြင့် ကင်ဆာရောဂါနှင့် အသည်းရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

**သတိထားရန်လိုသောမှျစ်**

မှျစ်စားမည်ဆိုပါက သဘာဝအတိုင်းမြင်တွေ့ရသည့် မှျစ်အဖြူများကိုသာစားသင့်ပြီး အမြင်လှအောင်တားမြစ်ဆေးဆိုးထားသည့် မှျစ်နီ၊ မှျစ်ဝါတို့ကိုရှောင်ရှားသင့်ပြီး ဖြစ်နိုင်ပါက မှျစ်ချိုးရောင်းသူထံမှ တိုက်ရိုက်ဝယ်စားခြင်းသို့မဟုတ် သဘာဝအတိုင်းရောင်းသည့်ဆိုင်မှ ရှာဝယ်စားခြင်းဖြင့် ကျန်းမာရေးထိခိုက်မှုကင်းစေမည်။ မှျစ်ကိုစားသုံးမည်ဆိုပါက အပြင်ခွံများခွာပြီး အနည်းဆုံးမိနစ် ၂၀ ခန့်ရေဆူအောင်ပြုတ်ကာပြုတ်ရည်ကိုသွန်ပစ်ခြင်းဖြင့် အဆိပ်အတောက်များကို ပြယ်စေနိုင်သည်။ ကိုယ်ဝန်ဆောင်များ၊ ကလေးငယ်များ၊ ကိုယ်တွင်းရောဂါအခံရှိသူများအနေဖြင့် မှျစ်ကို သတိထားစားသင့်သည်။ မှျစ်ချဉ်နှင့်ပီလောပီနံ တွဲဖက်စားသုံးခြင်းဖြင့်လည်း သေတတ်သောကြောင့် တွဲမစားရန် သတိပေးလိုသည်။

**မှျစ်စားခြင်းဖြင့် ဖြစ်လာနိုင်သောဆိုးကျိုးများ**

မှျစ်ကို သေချာမပြုတ်ဘဲစားပါက အဆိပ်သင့်ခြင်း၊ အစာမကြေခြင်းနှင့် သိုင်းရွိုက်ဂလင်း လုပ်ဆောင်ချက်ကို အဟန့်အတားဖြစ်စေခြင်း စသည့်ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သည်။ လတ်ဆတ်သောအစိမ်းရောင်မှျစ်များတွင်ဆိုင်ယာနိုက်ဓာတ် (Cyanogenic Glycosides) ပါဝင်သဖြင့် မကျက်တကျက်စားမိပါက ခေါင်းမူးခြင်း၊ အော့အန်ခြင်း စသည့်အဆိပ်သင့်မှုများ ကြုံတွေ့ရနိုင်သည်။ မှျစ်တွင်ပါဝင်သော Goitrogen ဓာတ်သည် ခန္ဓာကိုယ်မှ အိုင်အိုဒင်းဓာတ်စုပ်ယူမှုကို ဟန့်တားပေးသောကြောင့် သိုင်းရွိုက်ရောဂါရှိသူများ (Thyroid Interferences) မှျစ်ကို အလွန်အကျွံမစားသုံးသင့်ပေ။ မှျစ်တွင်အမျှင်ဓာတ်ကြွယ်ဝသော်လည်း မှျစ်အကြမ်းများကို အလွန်အကျွံစားသုံးမိပါက အစာမကြေခြင်း၊ ဗိုက်အောင့်ခြင်း၊ လေထခြင်းနှင့် ဝမ်းဗိုက်တင်းခြင်းတို့ဖြစ်စေနိုင်ပါသည်။ မှျစ်တွင် Purine ဓာတ်မြင့်မားစွာပါဝင်မှုကြောင့် ဂေါက် (Gout) ရောဂါသည်များစားသုံးမိပါက အဆစ်အမျက်ရောင်ရောဂါပိုဆိုးလာနိုင်သည်။ လူအများမှျစ်ကို အဆမတန်စားသုံးလာခြင်းဖြင့် ဝါးမျိုးများပြုန်းတီးပြီး သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်စေသည်။

အချုပ်အားဖြင့် မှျစ်သည် ကယ်လိုရီပါဝင်မှုနည်းပါးခြင်း၊ သကြားပါဝင်မှုနည်းပါးခြင်း၊ အဆီဓာတ်ပါဝင်မှုမရှိသလောက်နည်းပါးခြင်း၊ ပရိုတင်းဓာတ်ပါဝင်ခြင်း၊ ဗီတာမင်နှင့်သတ္တုဓာတ်များပါဝင်ခြင်း၊ ဝိတ်ကျစေခြင်း၊ နှလုံးရောဂါဖြစ်နိုင်ခြေကိုလျှော့ကျသွားခြင်း၊ ကိုယ်ခံစွမ်းအားကောင်းစေခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါများကိုသက်သာစေခြင်း၊ ကင်ဆာရောဂါဖြစ်နိုင်ခြေကိုလျှော့ချပေးခြင်း၊ အူမကြီးလုပ်ဆောင်ချက်ကို ကူညီပေးနိုင်ခြင်း၊ အနာမြန်မြန်ကျက်စေခြင်းစသည်ဖြင့် ကျန်းမာရေးကောင်းကျိုးများစွာရရှိစေနိုင်သည့်မှျစ်ကို ရှောင်ရှားရမည့်အချက်များအား သတိထားရှောင်ရှားပြီး အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် ဆင်ခြင်စားသုံးသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

❍ **ကျောဖုံးမှအဆက်**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားတစ်ကိုယ်တော်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လရောင်လင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းမှ ဇင်မျိုးမင်း၊ တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ကျော်ဆန်းလင်း၊ အမျိုးသမီး တစ်ကိုယ်တော်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ မေသက်မှူး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဆွေဇင်စု၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းမှ ဝင်းဝင်းခိုင်၊ အမျိုးသားအသင်းလိုက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ အမျိုးသား (၅၅-၆၀)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဝေယံကျော်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းခန့်ထူး၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းမှ ဟန်လင်းဌေးနှင့် ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းမှ ငြိမ်းချမ်းအောင်၊ အမျိုးသမီး (၅၅-၆၀)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ သီတာအောင်၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းမှ ခိုင်သဇင်မော်၊ တတိယဆုရရှိသည့် နေပြည်တော်အသင်းမှ စန်းသူဇာဝေနှင့် ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ နန်းသဉ္ဇာမိုး၊ အမျိုးသား (၆၅-၇၀) ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ နေထူးပိုင်၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ စိုင်းဝေယံဖြိုး၊ တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဖွဲ့မာန်နှင့် ပူးတွဲတတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းထွဋ်အောင်၊ အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကို ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ကြသည်။

ဆက်လက်၍ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုဖလားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပိုးသတ်ဆေးနှင့်ဓာတ်မြေဩဇာ အရောင်းဆိုင်များအားစစ်ဆေး

**ကျိုက်လတ် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်းရှိ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာအရောင်းဆိုင်များအား ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဦးစီးဌာနများမှ မြို့နယ်အတွင်းရှိ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာအရောင်းဆိုင်များအား စစ်ဆေးရာတွင် တရားမဝင် ပိုးသတ်ဆေးပေါင်းသတ်ဆေးများ သုံးစွဲခြင်း၊ မြန်မာစာအညွှန်းစာဖြင့် တရားဝင်ဆေးများသာ ရောင်းချဖြန့်ဖြူးသွားရန်၊ ပိုးသတ်ဆေးလိုင်စင်သက်တမ်းကုန်ဆုံးနေသည့်ဆိုင်များကို သက်တမ်းတိုး၍ ဆက်လက်ရောင်းချရန်နှင့် ပိုးသတ်ဆေးရောင်းချသူများ(CPA)သင်တန်းတက်ရောက်ပြီးမှ ပိုးသတ်ဆေးရောင်းချရန်၊ တရားမဝင်ဓာတ်မြေဩဇာများ ရောင်းချခြင်းမပြုရန်၊ ဈေးနှုန်းကြီးမြင့်မှု မရှိစေရေးသတ်မှတ်ရည်ညွှန်းဈေးများအတိုင်းရောင်းချစေရန် လေ့လာစစ်ဆေးကြောင်းသိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

## "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ - Together Against Corruption" ခေါင်းစဉ်ဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးက ကျင်းပပြုလုပ်မည့် လူငယ်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လူမှုကြော်ငြာပြိုင်ပွဲသို့ပါဝင်ယှဉ်ပြိုင်နိုင်ရေး အသိပေးတိုက်တွန်းနှိုးဆော်ခြင်း

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးအနေဖြင့် "မျိုးဆက်သစ်လူငယ်များ အဂတိလိုက်စားမှုပြဿနာများကို ပိုမိုအာရုံစိုက်မိစေရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိအမြင်များတိုးပွားလာစေရန်၊ လူမှုကြော်ငြာများ တီထွင်ဖန်တီးမှုစွမ်းအားများတိုးပွားလာစေရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် လူ့အဖွဲ့အစည်းနှင့် အစိုးရအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန်" ရည်ရွယ်၍ "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ – Together Against Corruption" ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လူမှုကြော်ငြာပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို အသက်အုပ်စု (၂) ခု ခွဲခြားဆောင်ရွက်သွားမည်ဖြစ်ပြီး အသက် ၁၀ နှစ်မှ အသက် ၁၇ နှစ်အထိ နှင့် အသက် ၁၈ နှစ်မှ အသက် ၂၅ နှစ်အထိ မျိုးဆက်သစ်လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး စိတ်ပါဝင်စားသည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့ကိုယ်တိုင်ဖန်တီးပုံဖော်ထားကြသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုများကို ပြိုင်ပွဲ Website ဖြစ်သည့် https://anticorruption.life/ တွင် **၁-၁၀-၂၀၂၄ ရက်နေ့မတိုင်မီ** အောက်ဖော်ပြပါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကိုယ်တိုင်တိုက်ရိုက်ပေးပို့လျှောက်ထားနိုင်ပါသည် –

**( က ) ပိုစတာပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များ**

File Format – JPG , A3 Format with the Correct Aspect Ratio
Resolution – 300 dpi
File Size – 15 MB

**( ခ ) ပန်းချီပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များ**

File Format – JPG , A3 Format with the Correct Aspect Ratio
Resolution – 300 dpi
File Size – 15 MB

**( ဂ ) ဗီဒီယိုပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များ**

File Format – mp4
Resolution – 3840 x 2160 p
File Size – 300 Mb
Sound – 16 bit, stereo
Duration – 120 Seconds

၃။ ပြိုင်ပွဲဝင်များအနေဖြင့် တစ်ဦးလျှင် ပြိုင်ပွဲဝင်လက်ရာ ၁၀ ခုအထိ ပေးပို့ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ပြိုင်ပွဲ Website – https://anticorruption.life/ တွင် ဝင်ရောက်ကြည့်ရှုလေ့လာကာ ပါဝင်ယှဉ်ပြိုင်နိုင်ကြပါကြောင်း မျိုးဆက်သစ်လူငယ်များသို့ အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ တတိယအကြိမ်မြောက် လူငယ်ဆိုင်ရာစာပေများနှီးနှောဖလှယ်ခြင်းအစည်းအဝေးသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာအသင်း၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းကျန်းပြည်နယ် ဟန်ကျိုးနှင့် ကွမ်းရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တို့တွင် စက်တင်ဘာလ ၁၇ ရက်မှ ၂၄ ရက်နေ့အထိကျင်းပမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ+အာဆီယံနိုင်ငံများ၏ တတိယအကြိမ်မြောက် လူငယ်ဆိုင်ရာ စာပေများ နှီးနှောဖလှယ်ခြင်း အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌဦးအုန်းမောင်(မြင်းမူမောင်နိုင်ထိုး) နှင့်ဒလမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌဦးမင်းမင်းထိုက်(မြတ်မင်းသန့်) တို့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ကြောင်း သိရသည်။ **မြဝတီ**

## နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး အကြား အလပ်မရှိစဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့မရပ်ကွက်၊ ဈေးတန်းရပ်ကွက်၊ စန္ဒကူးရပ်ကွက်နှင့် စော်ဘွားရပ်ကွက်လေးရပ်ကွက်တို့မှ ဆက်သွယ်သွားလာသည့်ပေ ၁၄၅၀ မြေသားလမ်းပိုင်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

အဆိုပါကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် တမူးမြို့ ရပ်ကွက်လေးရပ်ကွက်အတွင်းရှိ အိမ်ခြေ ၇၄၁၃ အိမ်၊ လူဦးရေ ၄၁၉၀၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းသိရသည်။**မြဝတီ**

## ဖလမ်းမြို့ အမှတ်(၄)အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုဆောင်ရွက်

**ဖလမ်း စက်တင်ဘာ ၁၇**

ချင်းပြည်နယ် ဖလမ်းမြို့ ဖါရိထောက်ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုကို ယနေ့တွင် ဆောင်ရွက်ကြသည်။

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် အဆိုပါကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ၏ အာဟာရအုပ်စု လက်တွေ့သရုပ်ပြ ရှင်းလင်းမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။



ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် သွားပွတ်တံနှင့် သွားတိုက်ဆေးများကို ပေးအပ်လှူဒါန်းပြီး KG ကလေးများကို အာဟာရတိုက်ကျွေးနေမှု၊ အဆိုပါ မူလတန်းကျောင်း တစ်စိတ်တစ်ပိုင်း ပြုပြင်နေမှုကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးအဆောက်အအုံ၊ ဦးစီးအရာရှိနေအိမ်၊ (၂)ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ရုံးအဆောက်အအုံပြုပြင်ပြီးစီးမှု၊ မိုးလေဝသဆိုင်ရာစက်ကိရိယာများ၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ (၃)လုံး တစ်စိတ်တစ်ပိုင်းပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ချင်းပြည်နယ် တီးတိန်၊ တွန်းဇံနှင့်ဖလမ်းမြို့တို့ရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဌာနဆိုင်ရာ အဆောက်အအုံများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပထမအဆင့်ပြုပြင်မှုများဆောင်ရွက်လျက်ရှိရာ တွန်းဇံမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံများတစ်စိတ်တစ်ပိုင်း ပြုပြင်နေမှု လုပ်ငန်းအားလုံး၏ ၅၈ ဒသမ ၈ ရာခိုင်နှုန်း၊ တီးတိန်မြို့ရှိ ပြုပြင်မှုလုပ်ငန်းများ၏ ၈၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဖလမ်းမြို့ရှိ ပြုပြင်မှုလုပ်ငန်းများ၏ ၅၈ ဒသမ ၃၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚C | / | ၃၂˚C |
| ရန်ကုန် | ၂၅˚C | / | ၃၄˚C |
| မန္တလေး | ၂၅˚C | / | ၃၅˚C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

◆ ရှေ့ဖုံးမှအဆက်

(၂၃)ကြိမ်မြောက်တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

❖ **China-ASEAN EXPO သည် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးသည့် ပြပွဲတစ်ခု အဖြစ်သာမက ယုံကြည်မှုတည်ဆောက်ရေး၊ စီးပွားရေးအခွင့်အလမ်းများ ရှာဖွေရေး၊ နည်းပညာနှင့် အတွေ့အကြုံများဖလှယ်ရေးနှင့်ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးတို့အတွက် အရေးပါသည့် စင်္ကြံတစ်ခု လည်းဖြစ် . . .**

အခမ်းအနားတွင် ဒုတိယသမ္မတ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက အဖွင့် မိန့်ခွန်းပြောကြားကြပြီး (၂၃)ကြိမ် မြောက် တရုတ်-အာဆီယံကုန်စည် ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီး မြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြသည်။

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် China-ASEAN EXPO သည် တရုတ်နိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင် ပေးသည့် ပြပွဲတစ်ခုအဖြစ်သာမက ယုံကြည်မှု တည်ဆောက်ရေး၊ စီးပွားရေးအခွင့်အလမ်းများရှာဖွေ ရေး၊ နည်းပညာနှင့် အတွေ့အကြုံ များဖလှယ်ရေးနှင့်ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးတို့ အတွက်အရေးပါသည့် စင်္ကြံတစ်ခု လည်းဖြစ်ကြောင်း။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ASEAN-China Free Trade Area - ACFTA 3.0 တွင် ကဏ္ဍသစ်များဖြစ်သည့် ဒီဂျစ်တယ် စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ပို့ဆောင်မှု ကွင်းဆက်၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ် ရေးကဏ္ဍများသည် ရင်းနှီးမြှုပ်နှံမှု နှင့် ကုန်သွယ်ရေးအခွင့်အလမ်းများ ကို ပိုမိုဖွင့်လှစ်ပေးနိုင်သည့်အပြင် လွတ်လပ်မျှတပြီး စည်းမျဉ်းအခြေခံ သည့် အပြန်အလှန်အကျိုးဖြစ်ထွန်း စေသော ကုန်သွယ်မှုကိုဖော်ဆောင် ပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အနေဖြင့်နိုင်ငံတော် တာဝန်ယူပြီးနောက်ပိုင်း တရုတ် နိုင်ငံနှင့် အာဆီယံနိုင်ငံ ၄ နိုင်ငံအပါ အဝင် နိုင်ငံပေါင်း ၈ နိုင်ငံသို့ ခရီးစဉ် များသွားရောက်ခဲ့ပြီး ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် နှစ်ဖက်အကျိုးရှိမည့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှု များကို ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း တရုတ် နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ကြီး မစ္စတာ ရှီကျင့်ဖျင်နှင့်လည်း မြန်မာ-တရုတ် ပူးတွဲကြေညာချက် ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ ထုတ်ပြန်ချက်သည် နှစ်နိုင်ငံအကြား တန်းတူညီမျှမှု၊ အပြန်အလှန် လေးစားမှု၊ ဆွေးနွေးညှိနှိုင်းမှုနှင့် အပြန်အလှန်အကျိုးရှိမှုတို့အပေါ် အခြေခံပြီး ပူးပေါင်းဆောင်ရွက်မှု ကို ဆက်လက်မြှင့်တင်သွားရန် သဘောတူခဲ့ကြောင်း၊ ထို့ပြင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၊ စွမ်းအင်၊ လျှပ်စစ်၊ ဒီဂျစ်တယ်စီးပွား ရေး၊ ဉာဏ်ရည်တုနည်းပညာ၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး နှင့် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ များနှင့် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင် ရန်အတွက်လည်း သဘောတူခဲ့ပါ ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ် နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံ ရေးကို ဆက်လက်ခိုင်မာစေပြီး အာဆီယံ-တရုတ် ပူးပေါင်းဆောင် ရွက်မှုကိုလည်း အာဆီယံ၏အချက် အချာကျမှု၊ တန်းတူညီမျှမှု၊ အပြန် အလှန်အကျိုးရှိမှုတို့အပေါ်အခြေခံ ၍ ဆက်လက်မြှင့်တင် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ သည် (၂၃)ကြိမ်မြောက် တရုတ်- အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၏ တရုတ်- အာဆီယံ စီးပွားရေးခေါင်းဆောင် များဖိုရမ်သို့ အာဆီယံနိုင်ငံများ၊ ဖိတ်ကြားထားသည့် နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက် ရောက်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နန်နင်းအပြည် ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ပြပွဲ စင်တာ၌ကျင်းပသည့် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ ပဲခူးမြို့ (City Of Charm) ပြခန်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ခင်းကျင်း ပြသထားသည့် မြန်မာနိုင်ငံ ပြခန်း များနှင့် အာဆီယံနိုင်ငံ ပြခန်းများ ကို လှည့်လည်ကြည့်ရှုအားပေး သည်။

(၂၃)ကြိမ်မြောက် တရုတ်- အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာ နိုင်ငံအနေဖြင့် ပြခန်းပေါင်း ၈၁ ခန်း ဖြင့် စိုက်ပျိုးရေးထွက်ကုန်များ၊ လက်မှုအနုပညာပစ္စည်းများနှင့် ကျောက်မျက်ရတနာများကိုခင်းကျင်း ပြသလျက်ရှိပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ပြခန်းစုစုပေါင်း ၁၀၀၀ ကျော်ခန့် ဖွင့်လှစ်ကာ နိုင်ငံအလိုက် ထွက်ကုန်များကို ခင်းကျင်းပြသ လျက်ရှိကြောင်း သတင်းရရှိ သည်။

မြဝတီ

# ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) တိုင်းရင်းဆေးပညာဆိုင်ရာဖိုရမ် ၂၀၂၆ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျန်းရှီးပြည်နယ်၊ နန်ချန်းမြို့၊ Traditional Chinese Medicine Sci-Tech Innovation City Conference Center တွင် ယနေ့ ကျင်းပသည့် ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့(SCO) တိုင်းရင်း ဆေးပညာဆိုင်ရာဖိုရမ် ၂၀၂၆ သို့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးဒေါက်တာအေးထွန်းဦးဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပ သည့် ဖိုရမ်ဖွင့်ပွဲတွင် ဒုတိယဝန်ကြီး က အမှာစကားပြောကြားသည်။

အဆိုပါဖိုရမ်သို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီနှင့် ကျန်းရှီးပြည်နယ်အစိုးရအဖွဲ့ တာဝန် ရှိသူများ၊ ရှန်ဟိုင်း ပူးပေါင်းဆောင် ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီး များနှင့် ကိုယ်စားလှယ်များ၊ တက္ကသိုလ်များမှ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ ပညာရှင်များ၊ တိုင်းရင်းဆေးထုတ်လုပ်မှုနှင့်စက်မှု နယ်ပယ်မှ အသိပညာ၊ အတတ် ပညာရှင်များ တက်ရောက်ကြ သည်။

အဆိုပါဖိုရမ်သည် တိုင်းရင်းဆေး ပညာ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရန်နှင့်လူသားအားလုံး၏ ပြည်သူ့ကျန်းမာရေးကိုမြှင့်တင်ရန် အတွက် ရှန်ဟိုင်းပူးပေါင်းဆောင် ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ ခိုင်မာသောကတိကဝတ်ကို ထင်ဟပ် စေပြီး ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် "Empowering Traditional Medicine with Modern Technology to Co-build Human Health for All" သည် ခေတ်ကာလနှင့် လျော်ညီကာ ရှေးဟောင်းတိုင်းရင်းဆေးပညာ အသိပညာများကို ထိန်းသိမ်းရန်နှင့် ခေတ်မီသိပ္ပံနှင့် နည်းပညာ၏ ပြောင်းလဲတိုးတက်မှု စွမ်းအားများ ကို ပေါင်းစပ်အသုံးပြုရန် ရည်ရွယ် သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဖိုရမ်တက်ရောက်သူများ နှင့်အတူ နန်ချန်းတိုင်းရင်းဆေးရုံ၌ ကျင်းပဆောင်ရွက်လျက်ရှိသော တိုင်းရင်းဆေးပညာ ရက်သတ္တပတ် အစီအစဉ်၊ နန်ချန်းမြို့၌ ဆက်လက် ကျင်းပသည့် New Policies, Standards, Technologies and Products of Traditional Medicine ဖွင့်ပွဲတို့ကို တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၇



စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင် ရေးပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်း တွင် ချောင်းဆုံမြို့နယ် ကညော် ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပသည်။

ပွဲတော်ကို မွန်ပြည်နယ်ဝန်ကြီး ချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် နှင့်ပြည်နယ်ဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါပွဲတော်တွင် ပြည်နယ် ဝန်ကြီးချုပ်က ဘင်ခရာ၊ ပန်းဖွား အဖွဲ့များအတွက် ဂုဏ်ပြုဆုများ ပေးအပ်ပြီး ပြခန်းများ၊ ပြိုင်ပွဲများ၊ ဓာတ်ပုံပြပွဲ၊ ကျောင်းစာကြည့်တိုက်၊ စာဖတ်ခန်းနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုဖျော်ဖြေ မှုများကို ကြည့်ရှုအားပေးကာ ကျောင်းသား၊ ကျောင်းသူများ အတွက် အာဟာရမုန့်များ ပေးအပ် သည်။

ဆက်လက်၍ပွဲတော်ဒုတိယပိုင်း အစီအစဉ်များကို အဆိုပါကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီးပွဲတော်ကျင်းပနိုင်ရေး အတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်ကာ အလှူရှင်များ၏ အလှူငွေများ လှူဒါန်းမှုအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

⊃ **ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ**

သူနာပြုများပါဝင်သည့် ကွင်းဆင်း ဆေးကုသမှုအဖွဲ့သည်စက်တင်ဘာ လ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ (၄)(မိုင်းလား)သို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားများကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆေးကုသမှုပေးရာတွင် အထွေထွေရောဂါအထူးကုလူနာ ၁၈၂ ဦး၊ ခွဲစိတ်ရောဂါအထူးကုလူနာ ၉၉ ဦး၊ ကလေးလူနာ ၆၄ ဦး၊ သားဖွားမီးယပ်အထူးကုလူနာ ၃၅ ဦး၊ အရိုးအကြောအထူးကုလူနာ ၈၇ ဦး၊ မျက်စိအထူးကုလူနာ ၅၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု လူနာ ၅၄ ဦး၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး လူနာ ၁၁၆ ဦး၊ သွားနှင့်ခံတွင်းလူနာ ၆၇ ဦး၊ စိတ်ကျန်းမာရေး အထူးကု လူနာ ၁၂ ဦး၊ ကင်ဆာရောဂါအထူးကု လူနာ ၅ ဦး စုစုပေါင်း ၇၈၅ ဦးကိုဆေး ကုသမှု ဆောင်ရွက်ပေးခြင်း၊ လူနာ ၇၂ ဦးကို ECG ဖြင့်စမ်းသပ်စစ်ဆေး ပေးခြင်း၊ လူနာ ၁၁၀ ဦးကို Ultrasound ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊ လူနာ ၃၅ ဦးကို ဓာတ်ခွဲစစ်ဆေးပေး ခြင်း၊ လူနာ ၄၀ ကို ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်း၊ လူနာ ၂ ဦးကို အသေးစားခွဲစိတ်ကုသမှုပေးခြင်း နှင့် ဒေသခံအာခါတိုင်းရင်းသားများ အား အာခါတိုင်းရင်းသားဘာသာ စကားဖြင့် ဘာသာပြန် အသံသွင်း ထားသောကျန်းမာရေးဆိုင်ရာ စံပြု အချက်အလက်များ အသံဖိုင်အား အသုံးပြု၍ မကူးစက်နိုင်သောရောဂါ များနှင့် တီဘီရောဂါကာကွယ် ကုသမှုဆိုင်ရာ ကျန်းမာရေးအသိ ပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

မြဝတီ

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့်သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏မြို့နယ်၊ ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိမဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် ၃၀ ပါးနှင့်သာသနာ့နွယ်ဝင်သီလရှင် ၃ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြော အားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝေန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထွက်ပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၆ မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများ ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှုဖြစ်ပေါ်သည့်နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက်ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင်တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဝေန်ပန်းတာရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှ စ၍အလျား (၃၀၀)ပေ၊အနံ (၄၅)ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ပဲ့ကျမှုဖြစ်ပွားသည်။ အလားတူ အဆိုပါညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် ၁၂/၂ နှင့် ၁၂/၃ ကြားရှိ စွန့်ပစ်တာ၌ ယနေ့ နံနက်ပိုင်းတွင် အလျား ၁၆၀ ပေခန့် တာပြိုကျမှု ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တာကိုယ်ထည်တိုက်စားခံရမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ယာယီကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ စွန့်ပစ်တာ အလျား ၁၆၀ ပေခန့် ထပ်မံအိပ်ပဲ့ပြိုကျသည့်နေရာအား တာခြေထောက်ခြင်း၊ ပန်းတာတည်ဆောက်ခြင်းစသည့် မြစ်ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ခြင်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို အတွင်းရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်၊ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့ထိ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့်ဝေန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုအချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်ဋ ဒိုင်းဆုရရှိသော တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ စခန်းရုံးအသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

## တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း(အမျိုးသား / အမျိုးသမီး) ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်ဋနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုနှင့် ဒိုင်းဆုရရှိသော တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ စခန်းရုံးအသင်းတို့ကို ဒိုင်းဆုနှင့် ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း (၁၂)သင်းဖြင့် စက်တင်ဘာလ ၄ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကူးကြသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲ ကြားသိခဲ့ရပါတယ်-



"ဒီပြတိုက်ကို လာရောက်ပြီးတော့ လည်ပတ်ရတာဆိုရင် အဓိကရည်ရွယ်ချက်ကတော့ ကျောင်းသား၊ ကျောင်းသူတွေ အသိပညာဗဟုသုတကြွယ်ဝဖို့ရယ် စစ်သမိုင်းပြတိုက်မှာ ခင်းကျင်းပြသထားတဲ့ တပ်မတော် (ကြည်း၊ ရေ၊ လေ)နဲ့ ပတ်သက်တဲ့ ကဏ္ဍအသီးသီးက ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာတွေကို ကလေးတွေ လက်တွေ့သိရှိဖို့ ဖြစ်ပါတယ်ရှင့်။

ဒီကို လာရောက်ရတဲ့အခါ ကလေးတွေက ကဏ္ဍပေါင်းစုံမှာရှိတဲ့ ကလေးတွေမသိသေးတဲ့ အကြောင်းအရာကို စာအုပ်ထဲမှာ သင်ကြားရတာတွေမကဘဲနဲ့ အပြင်လက်တွေ့ ဘဝမှာပါ ကိုယ်တိုင်ကိုယ်ကျလေ့လာရတာဖြစ်တဲ့အတွက်ကြောင့် မို့လို့ ပညာလည်း တော်တော်ရမယ်လို့ မျှော်လင့်ပါတယ်။ ဗဟုသုတလည်း ကြွယ်မယ်လို့ ထင်ပါတယ်ရှင့်။ လာရောက်လည်ပတ်ခွင့် ပေးတဲ့ သက်ဆိုင်ရာလူကြီးတွေ၊ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအများကြီး တင်ပါတယ်"ဟုပြောသည်။



"သမီးတို့ နေပြည်တော်စစ်သမိုင်းပြတိုက်ကို လာရောက်ကြည့်ရှုရတဲ့ ရည်ရွယ်ချက်ကတော့ ဒီတပ်မတော် (ကြည်း၊ ရေ၊ လေ)ရဲ့ သမိုင်းကြောင်းတွေကို အသေးစိတ်ကြည့်ရှုခွင့်ရချင်တဲ့အတွက် လာရောက်ကြည့်ရှုခြင်းဖြစ်ပါတယ်ရှင့်။ သမီးစိတ်အဝင်စားဆုံးကတော့ လေတပ်ပဲဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ လေတပ်က သမီးငယ်ငယ်တုန်းကဆိုရင် လေယာဉ်တွေဆို သေးသေးလေးတွေပဲမြင်ဖူးတာပေါ့နော်။ အခုမှာဆိုရင် မျက်မြင်ကိုယ်တွေ့ အကြီးကြီးတွေမြင်ရတယ်။ လေယာဉ်အမျိုးမျိုးကိုလည်း တွေ့ခဲ့ရတဲ့အတွက် တကယ်ကိုပဲ ဝမ်းသာပီတိဖြစ်မိပါတယ်ရှင့်။ သမီးတို့ကို အခုလိုလေ့လာလည်ပတ်ခွင့်ရအောင် အခွင့်အရေးပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲနှင့် တကွ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်ရှင့်" ဟု ပြောသည်။ (ဝဝဝ)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသားခုနစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့က ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦး၊ သီရိလင်္ကာနိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား တစ်ဦးနှင့် အိန္ဒိယနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦးတို့အား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ပြည်ပနိုင်ငံသားများအား ပြည်နှင်နိုင်ရေးစစ်ဆေးဆောင်ရွက်စဉ်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၄၄ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက် များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၄၀ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၇၀၄ ဦးတို့အား သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဝဝဝ)

● ရှေ့ဖုံးမှအဆက်

ထိုသို့ ရွေ့လျားမိုဘိုင်းယာဉ် (COW)ဖြင့် မိုဘိုင်းဆက်သွယ်မှု စနစ်ရရှိစေရေး ဆောင်ရွက်ပေးမှု၊ မိုဘိုင်းဆင်းကတ်နှင့် ဖုန်းဘေဖြည့်ကတ်များရောင်းချပေးနေမှုတို့ကို ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်သည် ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့အတူ ရေကြီးနစ်မြုပ်နေသည့် လေးမျက်နှာမြို့ အော်တိုအိတ်ချိန်းနှင့် မိုဘိုင်းစခန်း၊ ရပ်ကွက်(၁) သီရိအောင်မြေလမ်းရှိ မိုဘိုင်းစခန်း၊ ညောင်ပင်ဝန်းကျေးရွာရှိမိုဘိုင်းစခန်းနှင့် ခမောက်စုကျေးရွာရှိမိုဘိုင်းစခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဟသ်ာတမြို့နယ်ရှိ မိုက္ကရိုဝေ့စခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ကျုံပျော်မြို့၊ ငါးသိုင်းချောင်းမြို့နှင့် ရေကြည်မြို့နယ်တို့ရှိ အိတ်ချိန်းများနှင့် မိုဘိုင်းစခန်းများကို ကြည့်ရှုစစ်ဆေးပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်ပါက စက်ပစ္စည်းများကို ရေလွတ်ရာသို့ မြှင့်တင်ဆောင်ရွက်မည့် အစီအမံကို လက်တွေ့မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိအောင် စီစစ်ဆောင်ရွက်ရန်နှင့် လက်ရှိရေအမြင့်ဆုံးမြင့်တက်ခဲ့မှုအခြေအနေနှင့်ချိန်ညှိ၍ အောက်ခံ Foundation ကို မြှင့်တင်ရန်လိုအပ်မှု ရှိ၊ မရှိ စီစစ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့ပြင် ဆက်သွယ်ရေးလိုင်းများ ပိုမိုကောင်းမွန်နေစေရေးနှင့် ဒေသခံပြည်သူများ အင်တာနက်နှင့် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့်ကြိုတင်ကာကွယ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်း မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများကျသင့်ခြင်းမှ ရှောင်ရှားပါ။**





နမ့်စန်မြို့နယ်၊ ကုန်းယောင်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။





နမ့်စန်မြို့နယ်၊ ကုန်းယောင်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံနှင့်လုပ်ငန်းနေရာအား သိမ်းဆည်းရမိမှုကိုတွေ့ရစဉ်။





နမ့်စန်မြို့နယ်၊ ကုန်းယောင်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံနှင့်လုပ်ငန်းသုံးပစ္စည်းများသိမ်းဆည်းရမိမှုကိုတွေ့ရစဉ်။

■ **ကျောဖုံးမှအဆက်**

ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့ များက အဆိုပါမြို့နယ်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်၉နာရီခန့်တွင် နမ့်စန်မြို့နယ်၊ ကုန်းယောင်းကျေးရွာ၏ အရှေ့မြောက်ဘက်မီတာ ၁၅၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၉ ဦး၊ အမျိုးသမီး ၁ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၁၄ ဦး၊ စုစုပေါင်း ၅၀ ဦးတို့အား အလျား ၆၀ ပေ၊ အနံ ၂၀ ပေ အလုပ်ရုံ (သက်ငယ်မိုး၊ အုတ်ကာ) အဆောက်အအုံ ၁ လုံး၊ အလျား ၅၀ ပေ၊ အနံ ၂၀ ပေ အလုပ်သမားတန်းလျား (သက်ငယ်မိုး၊ ပျဉ်ကာ) အဆောက်အအုံ ၁ လုံး၊ အလျား ၄၀ ပေ၊ အနံ ၂၀ ပေ လူနေဆောင် (သွပ်မိုး၊ အုတ်ကာ) အဆောက်အအုံ ၂ လုံး၊ အလျား ၃၀ ပေ၊ အနံ ၂၀ ပေ (သွပ်မိုး၊ သွပ်ကာ) စားချက်ဆောင် ၁ လုံး၊ Star Link ၂၀ စုံ၊ Laptop ၂၅ လုံး၊ ALL In One Computer ၂၀ လုံး၊ ဖုန်းမျိုးစုံ ၂၁၇ လုံး၊ System ပုံး ၉ လုံး၊ Printer ၂ လုံး၊ ရေခဲသေတ္တာ ၁ လုံး၊ Freezer ၁ လုံး၊ ထိုင်ခုံမျိုးစုံ ၅၀ လုံး၊ မီးစက် (အကြီး) ၁ လုံး၊ အလျား ၃ ပေ၊ အနံ ၆ ပေ စားပွဲ ၁၅ လုံး၊ ပန်ကာ ၄ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ခရိုင်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီးအရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးနှင့် ရန်ကင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတို့တွင် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုကျဆင်းရေး၊ ဓာတ်အားခကြွေးကျန် ကျဆင်းရေး ဆောင်ရွက်ထားမှု၊ Online မှ မီတာလျှောက်ထားမှု အခြေအနေကို ယမန်နေ့က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ်ရပ်ပျက်၊ နှေးဖြစ်ပေါ်နေသည့် မီတာများအား အမြန်အစားထိုးလဲလှယ်ရန်၊ ဖီဒါ၊ ထရန်စဖော်မာများအလိုက် ဓာတ်အားလေလွင့်ဆုံးရှုံးမှုများကို စိစစ်တွက်ချက်၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများအား ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၌ ခရိုင်နှင့် လှိုင်သာယာ (အရှေ့)၊ လှိုင်သာယာ(အနောက်)၊ ထန်းတပင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ ရွှေလင်ပန်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

နိုင်ငံ့ဝန်ထမ်းများအား
မည်သည့်နည်းလမ်းဖြင့်မဆို
ခြိမ်းခြောက်ခြင်း၊ တာဝန်
ထမ်းဆောင်မှုအား
နှောင့်ယှက်ခြင်း
များဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်အညီ
အရေးယူခံရနိုင်ပါသည်။

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မိတ်ဖက်ကုမ္ပဏီများ Sponsor ပေးအပ်ခြင်း သဘောတူစာချုပ်များ လက်မှတ်ရေးထိုး




**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)နှင့်မိတ်ဖက်ကုမ္ပဏီများအကြား မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများ၏ လှုပ်ရှားမှုများနှင့် နိုင်ငံဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စပွန်ဆာ (Sponsor) ပံ့ပိုးပေးအပ်ခြင်း သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင်ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel (Pathein Room) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဒေါက်တာစိုင်းဆမ်ထွန်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ စပွန်ဆာပံ့ပိုးပေးကြသည့်လုပ်ငန်းရှင်များ၊ အဖွဲ့ချုပ်အလုပ်အမှုဆောင်များ၊ မြန်မာ့လက်ရွေးစင်နည်းပြချုပ်နှင့် နည်းပြများ၊ ကစားသမားများ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများ၏ လှုပ်ရှားမှုများ၊ အောင်မြင်မှုမှတ်တမ်းများနှင့် အမှတ်တရပုံရိပ်များကို ရုပ်သံဗီဒီယိုဖြင့် ပြသတင်ဆက်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားပြောကြားရာတွင် မိတ်ဖက်ကုမ္ပဏီများ၏ ပံ့ပိုးကူညီမှုသည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများ၏ လုပ်ငန်းစဉ်များနှင့် ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူပြုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မိတ်ဖက်ကုမ္ပဏီများအကြား Sponsor ပံ့ပိုးထောက်ပံ့မှုဆိုင်ရာ သဘောတူစာချုပ်များကို အသီးသီးလက်မှတ်ရေးထိုးခဲ့ကြရာ သဘောတူစာချုပ်များကို ရွှေဝတီဘဏ်၊ G Max Myanmar Construction၊ Novotel Yangon Max Hotel၊ Dong Luc Joint Stocks Co., Ltd. (Jogarbola)၊ Myanmar Oasis Manufacturing Co., Ltd. (Royal D)၊ Zeya & Associates (Fresh)၊ ICC Mandalar Minn Trading & Transportation Co., Ltd.၊ Myat Myittar Mon Co., Ltd. (MMTM)၊ Shwe Nadi APP၊ Mercure Yangon Kaba Aye၊ YPPT၊ GGG Co., Ltd.၊ MMHT နှင့် Loi Hein Co., Ltd. တို့မှ ပံ့ပိုးထောက်ပံ့မှုများအတွက် လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့ပြင် Forever Group (MRTV–4) က Broadcasting Partner အဖြစ် ပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများနှင့် မိတ်ဖက်ကုမ္ပဏီများမှတာဝန်ရှိသူများက အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**လင်းခန့်**

# ဘရိုက်တန်ကိုရှုံးနိမ့်ခဲ့၍ EFL Cup ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့် မန်ချက်စတာယူနိုက်တက်

**ရန်ကုန် စက်တင်ဘာ ၁၇**

EFL Cup ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဘရိုက်တန်အသင်းတို့ ယနေ့နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်မန်ချက်စတာယူနိုက်တက်အသင်းက ဘရိုက်တန်အသင်းကို ၂ ဂိုး ၃ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်ချက်စတာယူနိုက်တက်အသင်းသည်ပထမပိုင်း ၈ မိနစ်နှင့် ၁၀ မိနစ်တို့တွင် ဦးဆောင်ဂိုးများသွင်းယူခဲ့သော်လည်း ပထမပိုင်းမပြီးဆုံးချိန်တွင် ဘရိုက်တန်အသင်းက ချေပဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်း ၄၅ မိနစ် ပြီးဆုံးချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းက ဘရိုက်တန်အသင်းကို ၂ဂိုး၁ဂိုးဖြင့်ဦးဆောင်ခဲ့သော်လည်း ဘရိုက်တန်အသင်း ဒုတိယပိုင်းတွင် တိုက်စစ်မြှင့်တင်ကစားခဲ့ပြီး ပွဲကစားချိန် ၆၅ မိနစ်နှင့် ၆၉ မိနစ်တို့တွင် ချေပဂိုးနှင့် အနိုင်ဂိုးများကို ဆက်တိုက်သွင်းယူခဲ့သဖြင့် ဘရိုက်တန်အသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ချေပဂိုးနှင့်အနိုင်ဂိုးတို့ခွင့်ပြုပေးလိုက်ရသဖြင့်လက်ကျန်မိနစ်များကို တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ဘရိုက်တန်အသင်း၏ ကျစ်လျစ်သည့်ခံစစ်ကစားဟန်ကို ကျော်လွှားနိုင်ခြင်းမရှိသောကြောင့် ပွဲပြီးဆုံးချိန်တွင် အိမ်ရှင်မန်ချက်စတာယူနိုက်တက်အသင်းက ဘရိုက်တန်အသင်းကို ၂ ဂိုး ၃ ဂိုးဖြင့် ရှုံးနိမ့်၍ EFL Cup တတိယအဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ EFL Cup စတုတ္ထအဆင့်ပွဲစဉ်များကို အောက်တိုဘာလ ၂၉ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းဦး**



**▲ ကျောဖုံးမှအဆက်**

ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းတို့၌ ကျင်းပသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U–19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာ ဇုန်များအလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များက တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးခဲ့သည်။ ယနေ့ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U–19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကရင်ပြည်နယ်ဘားအံမြို့ရှိဇွဲကပင်အားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့်တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြိုင်ပွဲအားရပ်နားခဲ့ကာ စက်တင်ဘာလ ၁၈ ရက် နံနက် ၇ နာရီတွင် ပြန်လည်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အခြားဇုန်များ၌ စက်တင်ဘာလ ၁၈ ရက်တွင် ပြိုင်ပွဲ ၁ ရက်နားမည်ဖြစ်ပြီး စက်တင်ဘာလ ၁၉ ရက် ညနေ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ အိမ်ရှင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ အိမ်ရှင်ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **“အခမဲ့”** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**မြဝတီ**

**❑ အာရှအားကစားပြိုင်ပွဲမှ**

တက်ရောက်နိုင်သွားပြီဖြစ်သည်။

စောဖရိုက်ဒေးသည် အုပ်စုအဆင့်တွင် Group Stage ယှဉ်ပြိုင်မှုအဖြစ် ကူဝိတ်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယား၊ အီရတ်တို့နှင့်ယှဉ်ပြိုင်ကစားခဲ့ကာ ကူဝိတ်နှင့်အီရတ်အသင်းတို့ကို ၂ ပွဲပြတ်ရှုံးနိမ့်ပြီး ကာဂျစ္စတန်၊ မွန်ဂိုလီးယားအသင်းတို့ကို ၂ပွဲပြတ်အနိုင်ရရှိကာ Quarter Final အဆင့်သို့ ဆက်လက်တက်ရောက်နိုင်ခဲ့သည်။

Quarter Final အဆင့်တွင် အင်ဒိုနီးရှားကစားသမားနှင့် ယှဉ်ပြိုင်ရာ၌ စောဖရိုက်ဒေးက တည်ငြိမ်သောကစားဟန်နှင့် ယှဉ်ပြိုင်မှုတို့ဖြင့် ၂ပွဲပြတ်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်အဆင့်ပြိုင်ပွဲကို စက်တင်ဘာလ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အုပ်စုအဆင့်တွင်တွေ့ဆုံခဲ့ဖူးသည့်အီရတ်ကစားသမားနှင့် ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်ရာ ဆုတံဆိပ်ရရှိရေးနှင့် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ရေးအတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်သည်။

ထို့အတူ စက်တင်ဘာလ ၁၈ ရက်တွင်ကျင်းပမည့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် စုမွန်အောင်နှင့် ဖြူဖြူသန်းတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။**ဝန်းရံခ**

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အာရှအင်အားကြီး မြောက်ကိုရီးယားအသင်းက မြန်မာအမျိုးသမီးအသင်းကိုအနိုင်ယူ



**ရန်ကုန် စက်တင်ဘာ ၁၇**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၆ အာရှအားကစားပြိုင်ပွဲ(Asian Games 2026) အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(F) ဒုတိယပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးအသင်းနှင့် မြောက်ကိုရီးယားအမျိုးသမီးအသင်းတို့ ယနေ့ညနေပိုင်းတွင် ယှဉ်ပြိုင်ကစားကြရာ အာရှအင်အားကြီး မြောက်ကိုရီးယားအသင်းက ၈ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

ကမ္ဘာ့အဆင့် အာရှထိပ်သီးမြောက်ကိုရီးယားအသင်းသည် ဖီဖာကမ္ဘာ့အဆင့်နံပါတ်(၁၁)နေရာတွင် ရပ်တည်နေပြီး အာရှတိုက်၏ အင်အားအကြီးဆုံး ထိပ်သီးအသင်းများထဲမှ တစ်သင်းဖြစ်ကာ မြန်မာအသင်းသည် ဖီဖာကမ္ဘာ့အဆင့်နံပါတ်(၅၅)နေရာတွင်ရပ်တည်နေ၍ ဘောလုံးအဆင့်အတန်းအရ ကွာဟမှုကြီးမားသည့် စိန်ခေါ်မှုတစ်ခုကို မြန်မာအသင်းရင်ဆိုင်ယှဉ်ပြိုင်ခဲ့ရခြင်းလည်းဖြစ်သည်။

ပထမပိုင်းပွဲစသည်နှင့် မြောက်ကိုရီးယားအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူကာ ပွဲကစားချိန် ၁၀ မိနစ်ဝန်းကျင်တွင်ပင် မြန်မာအသင်း ခံစစ်ကျိုးကာ ဆက်တိုက်ဆိုသလို ဦးဆောင်ဂိုးများခွင့်ပြုပေးခဲ့ရ၍ ပထမပိုင်းအပြီးတွင် ၅ ဂိုး ဂိုးမရှိဖြင့် မြောက်ကိုရီးယားအသင်းက ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်လည်း မြောက်ကိုရီးယားအသင်းတိုက်စစ်ကသာ ပွဲကိုထိန်းချုပ်ဦးဆောင်ထားပြီး ၃ ဂိုးထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် မြောက်ကိုရီးယားအသင်းက ၈ ဂိုး ဂိုးမရှိဖြင့် မြန်မာအသင်းကို အနိုင်ရရှိသွားသည်။

မြန်မာအမျိုးသမီးအသင်းသည် စက်တင်ဘာလ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဘင်္ဂလားဒေ့ရှ်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

## မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။


(မိုး/ဇလ)

MYAWADY IN ENGLISH DAILY EDITION

# Vice President U Nyo Saw delivers speech at 23rd China-ASEAN Expo and 23rd China-ASEAN Business and Investment Summit in Nanning

**NANNING September 17**

Vice President U Nyo Saw, who is in Nanning, People's Republic of China, together with Union Minister U Tun Ohn and members of the delegation, attended and delivered a speech at the opening ceremony of the 23rd China-ASEAN Expo and the 23rd China-ASEAN Business and Investment Summit held at the Nanning International Convention and Exhibition Center at 10 am local time on September 17.




Vice President U Nyo Saw and leaders of China and ASEAN member states attended at the opening ceremony of the 23rd China-ASEAN Expo and the 23rd China-ASEAN Business and Investment Summit.

At the ceremony, the Vice President, the Vice Premier of the People's Republic of China, and Deputy Prime Ministers and heads of government from ASEAN member states delivered opening speeches and officially opened the 23rd China-ASEAN Expo and the 23rd China-ASEAN Business and Investment Summit.

In his speech, the Vice President said that the China-ASEAN Expo is not only an exhibition that promotes trade and investment between China and ASEAN member states, but also an important platform for building trust, exploring business opportunities, exchanging technology and experience, and promoting friendship among the peoples.

Regarding trade and investment, he said that the new areas covered by the ASEAN-China Free Trade Area (ACFTA) 3.0, including the digital economy, green economy, supply chains, competition and consumer protection, could further open up investment and trade opportunities and contribute to developing free, fair, rules-based and mutually beneficial trade.

The Vice President said that since assuming State responsibilities, President U Min Aung Hlaing of the Republic of the Union of Myanmar has made visits to eight countries, including China and four ASEAN member states, enabling the further strengthening of existing friendly relations, mutual understanding and practical cooperation for mutual benefit. During the President's goodwill visit to China in June 2026, a joint statement between Myanmar and China was also issued with President Xi Jinping of the People's Republic of China. The joint statement reflected the two countries' agreement to continue promoting cooperation based on equality, mutual respect, consultation and mutual benefit. In addition, the two sides agreed to promote economic cooperation in areas including the China-Myanmar Economic Corridor, energy, electricity, the digital economy, artificial intelligence, agriculture, healthcare, education and human resources development.

Myanmar will continue to strengthen its Pauk-Phaw relations with China and further promote ASEAN-China cooperation based on ASEAN centrality, equality and mutual benefit, the Vice President said.

In the afternoon, the Vice President attended and delivered a speech at the China-ASEAN Business Leaders Forum of the 23rd China-ASEAN Business and Investment Summit, together with leaders from ASEAN member states and invited countries.

Afterwards, the Vice President, accompanied by members of the delegation, attended and opened the ceremony for the launch of the "City of Charm" booth representing Bago, Myanmar, held at the Nanning International Convention and Exhibition Center. He then toured and viewed the Myanmar and ASEAN country booths on display and encouraged the exhibitors.

At the 23rd China-ASEAN Expo, Myanmar is showcasing agricultural products, handicrafts and gems at 81 booths. More than 1,000 booths from the People's Republic of China and ASEAN member states have been opened to display products from their respective countries.

**Myawady**

# More than 100 acres of taro planted in Pwintbyu Township

**PWINTBYU September 17**

Local farmers planted 152 acres of taro plantations as monsoon crops in Pwintbyu Township of Magway Region, according to the Township Agriculture Department.

In Pwintbyu Township, 268 acres of seasonal taro have been targeted for cultivation during this year's monsoon crop cultivation season. Taro cultivation began in the third week of June, and 152 acres have been planted to date.

"During this year's monsoon crop cultivation season, 268 acres of seasonal taro have been targeted for cultivation in Pwintbyu Township, and 152 acres have been planted so far. We are making efforts to meet the targeted acreage. Regarding taro cultivation, we are conducting field supervision and providing farmers with guidance on using quality and pure varieties suitable for local soil and climatic conditions and systematically applying agricultural inputs to achieve good yields," said Daw Moe Moe Wai, Township Agriculture Officer of the Pwintbyu Township Agriculture Department.

Local farmers in Pwintbyu Township rely on seasonal taro cultivation every year during the monsoon crop season to ensure local food sufficiency and increase crop-based income. It is reported that marketable taro can be harvested and sold about six months after planting. This year's taro cultivation is progressing successfully, with no significant pest or disease infestations reported.

Local farmers are commercially cultivating seasonal taro in villages along the Mone Creek area to increase their crop income.

Daw Moe Moe Wai said that if farmers can improve crop yields through proper cultivation practices, it will not only help ensure local food sufficiency but also enable them to sell surplus produce, thereby increasing their income and improving their socio-economic well-being. Therefore, farmers should strive to expand seasonal crop cultivation year by year and systematically shift from single-cropping to double- and triple-cropping systems in all areas.

**SMK**

# Online scam/gambling operators detained with paraphernalia near Konyaung Village in Namhsan Township

**NAY PYI TAW September 17**

The government has placed emphasis on uncovering and preventing online scam/gambling operators, who crossed into Myanmar illegally and totally jeopardized socio-economic lives not only of people in the region but also of mankind across the world, as a national responsibility and effectively uncovered, detained and taken action against them by coordinating with neighbouring governments.

In doing so, joint taskforces including security forces, acting on a tip-off by the responsible public that online scam/gambling operators were staying in Namhsan Township, Shan State (South), conducted investigations in the township, leading to the arrest of 50 online scam/gambling operators including nine Chinese men, one Chinese women, 26 Myanmar men and 14 Myanmar women and seizure of one 60x20-foot workshop building (thatched, brick-walled), one 50x20-foot staff quarter building (thatched, wood-walled), two 40x20-foot residential buildings ( corrugated iron roofing, brick-walled), one 30x20-foot kitchen building (corrugated iron roofing and wall), 20 sets of Starlink, 25 laptops, 20 All-In-One computers, 217 assorted phones, nine system cases, two printers, one refrigerator, one freezer, 50 assorted chairs, one generator (big), 15 3x6-foot tables and four electrical fans about 1,500 meters northeast of Konyaung Village in Namhsan Township at about 9 am today.



Seizure of online scam/gambling paraphernalia near Konyaung Village in Namhsan Township.



Seizure of buildings used in online scam/gambling near Konyaung Village in Namhsan Township.

Effective and severe action will be taken against the detainees in accordance with the law after necessary investigations and paraphernalia will be dealt with according to rules and regulations.

The government has continued to actively carry out combats against online scam/gambling operations in cooperation with neighbouring countries, regional countries and international organizations to eradicate online scams/gambling and to prevent their operations from establishing footholds in Myanmar.

**100**

# Yinmabin Township cultivates over 1,000 acres of groundnut this monsoon

**YINMABIN September 17**

Local farmers planted more than 1,000 acres of groundnut as monsoon crops in Yinmabin Township of Sagaing Region, according to the Township Agriculture Department.

During the 2026-2027 monsoon cropping season, Yinmabin Township has set a target of cultivating 3,105 acres of groundnut. Cultivation began in May this year, and 1,158 acres have been placed under groundnut plantations to date.

"During this year's monsoon cropping season, Yinmabin Township set a target of cultivating more than 3,000 acres of groundnut, and more than 1,000 acres have already been planted. We are making efforts to ensure that the targeted acreage is fully cultivated. Groundnut cultivation is progressing successfully as an oilseed crop, and the acreage under groundnut cultivation has increased year by year," said U Hla Myint, Head of the Yinmabin Township Department of Agriculture.

In Yinmabin Township, approximately one and a half baskets of seed are required to cultivate one acre of groundnut. The cultivation cost is more than Ks-200,000 per acre, including the cost of seeds, labour, fertilizers and pesticides. An average yield of more than 50 baskets per acre can be obtained.

This year, staff members from the Township Department of Agriculture are conducting field inspections of groundnut plantations to ensure healthy crop growth, prevent pest and disease infestations, and keep the fields free of weeds. They are also carrying out field monitoring and keeping records of their observations.

**SK**

# Local farmers plant more than 9,000 acres of green gram in Monywa Township

**MONYWA September 17**

Statistics of Monywa Township Agriculture Department stated that local farmers grew a total of 9,009 acres of green gram as monsoon crops in Monywa Township of Sagaing Region this year.

In 2026-2027 monsoon cultivation season, local authorities set a plan to grow 10,300 acres of green gram in Monywa Township. So far, local farmers planted 9,009 acres of crops against the target cultivation.

"During this year's monsoon crop cultivation season, 10,300 acres of green gram were planned for cultivation in Monywa Township, and 9,009 acres have already been planted. We are making efforts to ensure that the cultivation target is fully met. We are providing awareness and guidance to farmers on expanding green gram cultivation and on using quality and pure seeds to achieve good yields," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

It is reported that this year, the Monywa Township Agriculture Department is providing green gram farmers with guidance on obtaining quality and pure seeds suitable for local conditions, following proper cultivation methods, preventing pest infestations, systematically applying fertilizers, and achieving good yields.

During this year's monsoon crop cultivation season, the department is also working in cooperation with farmers to provide the necessary quality and pure seeds and agricultural inputs, as well as post-harvest technology training, to improve the yield and quality of various pulse crops.

**SK**

# Taze Township grows more than 1,000 acres of pigeon pea this monsoon

**TAZE September 17**

Local farmers have planted more than 1,000 acres of pigeon pea in Taze Township of Sagaing Region, according to the Township Agriculture Department.

During the 2026-2027 monsoon crop season, Taze Township has planned to cultivate 2,457 acres of pigeon pea. Cultivation began in May this year, and 1,859 acres have been planted so far, it is learnt.

The Township Agriculture Department in Taze Township is conducting field awareness activities for pigeon pea farmers on selecting and cultivating quality and pure seeds, using proper cultivation methods, preventing pest risks, and achieving good yields.

**SMK**

## Putin congratulates Indian Prime Minister Modi on his birthday - Kremlin



**MOSCOW September 17**

Russian President Vladimir Putin congratulated Indian Prime Minister Narendra Modi on his birthday, the Kremlin said on Thursday.

"You are rightly enjoying a deep respect from your compatriots and great authority on the global stage. It is impossible to overstate your personal contribution to strengthening the special and privileged strategic partnership between India and Russia," Putin said in a message to Modi, published by the Kremlin.

He added that Russia will continue constructive joint work with India on "pressing bilateral and international issues for the benefit of our friendly nations."

In a birthday congratulatory message to Indian Prime Minister Narendra Modi, Vladimir Putin expressed his gratitude for the warm welcome and hospitality extended during his visit to New Delhi, according to a telegram published on the Kremlin's website.

"I would like to express my gratitude for the warm and cordial welcome and hospitality extended to me and the Russian delegation during my visit to New Delhi last week," the telegram said.

**Sputnik**

## Indonesia calls off search for 8 missing near Anak Krakatau volcano

**JAKARTA September 17**

Indonesian authorities have ended a search for eight people, including five journalists, who went missing near the erupting Anak Krakatau volcano after rescuers found no trace of their boat or passengers, an official said Thursday.

The speedboat lost contact on September 7 while carrying five journalists and three crew members in the Sunda Strait. Search teams found no sign of the vessel or those aboard, said Al Amrad, head of the Banten Search and Rescue Agency.

Amrad said the operation was ended in accordance with National Search and Rescue Agency regulations after seven days of searching yielded no results.

"On the seventh day, we also found no signs, no objects," he said, citing reports from the water police and navy.

Police are examining a body found on Enggano Island for a possible connection to the case, although DNA test results have yet to be released.

Amrad said the search could resume if new information or debris linked to the missing boat emerges.

Authorities have alerted vessels crossing the Sunda Strait and urged fishermen and residents with relevant information to contact police or search and rescue agencies.

Anak Krakatau has remained intermittently active since early September, disrupting flights and airport operations in parts of western Indonesia. **Xinhua**

## Chinese-invested large-scale solar power plant in Azerbaijan connected to grid

**BAKU September 17**

A ceremony marking the grid connection of the 100 MW Gobustan solar power plant, invested in and built by the Chinese company Universal Energy Co., Ltd., was held on Wednesday in Baku.

At the ceremony, Azerbaijani President Ilham Aliyev said that practical cooperation between Azerbaijan and China across various fields has made steady progress since the two countries established a comprehensive strategic partnership in 2025.

Cooperation in renewable energy has emerged as a highlight of bilateral ties, he said, noting that Azerbaijan welcomes more Chinese companies to invest and do business in the country.

Aliyev said Azerbaijan has abundant renewable energy resources and vast potential for their development, adding that the government is accelerating its energy transition and expanding the country's capacity to export green electricity.



Located in the Garadagh District of Baku, the 100 MW Gobustan solar power plant comprises about 200,000 solar panels and a 110 kV substation. The plant is expected to generate about 200 million kWh of electricity annually, save around 45 million cubic meters of natural gas each year and reduce carbon emissions by about 97,000 tonnes.

**Xinhua**

## Saudi Arabia seeking support after US declines to strike Houthis – AP

**RIYADH September 17**

Saudi Arabia has turned to regional and global players for help defending its airspace against attacks from Yemen's Houthi rebels after its main security provider, the US, declined to step in, The Associated Press has reported, citing regional officials. Riyadh is running low on missile interceptors, according to the outlet.

The armed conflict between a Saudi-led coalition and Houthi militants reignited in mid-July after Riyadh carried out airstrikes on the airport in Sanaa to prevent an Iranian passenger plane from landing there. In recent weeks, the Houthis have made significant territorial gains against Saudi-backed forces and have intensified attacks on strategic targets inside Saudi Arabia.

Saudi Arabia is in a "very difficult position" because it must protect military bases, government facilities and also oil infrastructure from Houthi drones and missiles, one regional official told AP.

A second official said Riyadh was seeking to rally international allies for a collective response to the Houthis, but added that "the decision now is to give diplomacy a chance." Oman and Egypt are leading deescalation efforts, according to AP. **RT**

## German, French, UK military aircraft spotted near Russian border – flight data

**MOSCOW September 17**

German, French and UK military aircraft have been spotted flying near the Russian border, according to flight data analyzed by Sputnik on Thursday.

A German air force aircraft took off from the German Nordholz airfield at around 6:12 a.m. (GMT) and as of 8:50 a.m. it was spotted patrolling over the Baltic Sea.

A French air force Airbus A330-243MRTT military aircraft was circling in Finnish airspace near the Russian border as of 9:42 a.m., while a UK air force Boeing Poseidon MRA1 patrol aircraft with the call sign RFR7045 was circling near Russia's Kaliningrad Region in Polish airspace as of 10:30 a.m.

In recent years, Russia has been flagging up NATO's unprecedented activity and buildup of troops near its western borders. The Kremlin has stated that Russia does not threaten anyone, but would not ignore actions that are potentially dangerous to its interests.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 60 Preposition (in/for/about etc.) + -ing

## Exercises

**60.1 Complete the second sentence so that it means the same as the first.**

1 Why is it useful to have a car?
What are the advantages of having a car ?
2 I don't intend to apply for the job.
I have no intention of ...................................... .
3 Helen has a good memory for names.
Helen is good at .............................................. .
4 You probably won't win the lottery. You have little chance.
You have little chance of ...................................................... .
5 Did you get into trouble because you were late?
Did you get into trouble for ........................................... ?
6 Did you get into trouble because you were late?
Did you get into trouble for .............................................. ?
7 We got into the exhibition. We didn't have to queue.
We got into the exhibition without ...................................... .
8 Amy is 90 years old, but she's fit and healthy.
Amy is fit and healthy despite .................................................. .

**60.2 Complete the sentences using** by -ing**. Choose from these verbs:**

borrow ~~break~~ drive press put stand

1 The burglars got into the house by breaking a window.
2 I was able to reach the top shelf ....................................... on a chair.
3 You turn on the computer ............................................ the button at the back.
4 Kevin got himself into financial trouble .............................. too much money.
5 You can put people's lives in danger ......................................... too fast.
6 We made the room look nicer ............................some pictures on the walls.

**60.3 Complete the sentences with a suitable word. Use only one word each time.**

1 We ran ten kilometres without stopping .
2 Dan left the hotel without ............................... his bill.
3 It's a nice morning. How about ............................... for a walk?
4 You need to think carefully before ............................ an important decision.
5 It was a long trip. We were tired after ......................... on a train for 36 hours.
6 I'm not looking forward to ................................... away. I'd prefer to stay here.
7 I was annoyed because the decision was made without anybody ................................. me.
8 After ..................................................... the same job for ten years, Ellie felt she needed a change.
9 We got lost because we went straight on instead of ............................................ left.
10 I like these pictures you took. You're good at ........................................... pictures.
11 Can you touch your toes without ........................................................... your knees?
12 We've decided to sell our car. Are you interested in............................................ it?

**60.4 For each situation, write a sentence with** I'm (not) looking forward to**.**

1 You are going on holiday next week. How do you feel?
I'm looking forward to going on holiday.
2 A good friend of yours is coming to visit you soon. It will be good to see her again. How do you feel?
I'm........................................................................................................................................... .
3 You're going to the dentist tomorrow. You don't enjoy visits to the dentist. How do you feel?
I'm not ................................................................................................................................ .
4 Rachel doesn't like school, but she's leaving next summer. How does she feel?
............................................................................................................................. .
5 Joe and Helen are moving to a new apartment soon. It's much nicer than where they live now.
How do they feel ?................................................................................................................ .

Raymond Murphy

သတင်းမှတ်စု

## မြောက်ကိုရီးယားအတွက် အခွင့်အလမ်းကောင်းများရနိုင်မယ့် ထရမ့်-ကင်ဂျုံအွန်တွေ့ဆုံမှု

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအွန်တို့ကြား ထိပ်သီးဆွေးနွေးပွဲအသစ်တစ်ရပ်ပြန်လည်ကျင်းပနိုင်ခြေ မြင့်တက်လာနေပြီး ယင်းတွေ့ဆုံမှုသည် မြောက်ကိုရီးယားအတွက် နိုင်ငံရေးနှင့် စီးပွားရေးအရ အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာစေနိုင်သည့် အခြေအနေတစ်ရပ် ဖြစ်လာနေသည်။

ထရမ့်သည် လာမည့်လများအတွင်း ကင်ဂျုံအွန်နှင့် ထိပ်သီးဆွေးနွေးပွဲလုပ်ရန်တွန်းအားပေးနေပြီး ယင်းတွေ့ဆုံမှုသည် ယခင်ဆွေးနွေးပွဲများနှင့်မတူညီသည့် ပုံစံဖြင့်ဖြစ်လာနိုင်သည်။ အထူးသဖြင့် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေးကိစ္စကို ဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာအဖြစ် မထားရှိနိုင်မည့် အခြေအနေသည် ပြုံယမ်းအတွက် အလွန်အရေးပါသည့် အပြောင်းအလဲတစ်ရပ်ဖြစ်လာနိုင်သည်။

ယခင် အမေရိကန်နှင့် မြောက်ကိုရီးယားတို့ကြား ဆွေးနွေးမှုများတွင် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်ကို အဓိကထားခဲ့သော်လည်း လက်ရှိအခြေအနေတွင် မြောက်ကိုရီးယား၏ နျူကလီးယားစွမ်းရည်သည်ပိုမိုတိုးတက်လာပြီး ယင်းအခြေအနေကို လျစ်လျူရှု၍မဖြစ်နိုင်တော့သည့် အနေအထားသို့ရောက်ရှိလာသည်။

ထိုအခြေအနေတွင် မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံအဖြစ် လက်တွေ့အသိအမှတ်ပြုခံရရေးကို ရှာဖွေနိုင်သကဲ့သို့ နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများလျှော့ချရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိရေးအတွက်လည်း အခွင့်အလမ်း ပိုမိုရရှိလာနိုင်သည်။

ထရမ့်ဘက်က အမေရိကန်၏ လုံခြုံရေးအကျိုးစီးပွားကိုကာကွယ်နိုင်မည့် ရလဒ်တစ်ခုကိုအလိုရှိနေသဖြင့် နှစ်နိုင်ငံကြား သဘောတူညီချက်တစ်ရပ် ဖော်ဆောင်နိုင်ရန် အကျိုးစီးပွားများ ဆုံစည်းနိုင်သည့် အခြေအနေရှိသည်။ ထိုသို့သော သဘောတူညီချက်သည်မြောက်ကိုရီးယားအတွက် နိုင်ငံတကာပိတ်ဆို့မှုများ လျှော့ချရေးနှင့် စီးပွားရေး အခွင့်အလမ်းများ ပိုမိုရရှိရေးတို့နှင့် ဆက်စပ်လာနိုင်သည်။

မြောက်ကိုရီးယား၏ ဒုံးကျည်စွမ်းရည်သည်လည်း ဆွေးနွေးပွဲအတွက်အရေးပါသည့်အခြေအနေတစ်ရပ်ဖြစ်သည်။ မြောက်ကိုရီးယားသည်တောင်ကိုရီးယားနှင့်ဂျပန်ကို ပစ်မှတ်ထားနိုင်သည့် တာတိုနှင့် တာလတ်ပစ်ဒုံးကျည်စနစ်များကို ပိုင်ဆိုင်ထားပြီး နျူကလီးယားစွမ်းရည်နှင့် ဒုံးကျည်နည်းပညာများကို ဆက်လက်တိုးတက်အောင် ဖော်ဆောင်နေသည်။

ယင်းစွမ်းရည်များကြောင့်အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနှင့်ဆွေးနွေးရာတွင် လုံခြုံရေးအာမခံချက်နှင့် အပြန်အလှန်အကျိုးရှိမည့် သဘောတူညီချက်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်လာသည်။ ထိုအခြေအနေသည် မြောက်ကိုရီးယားအတွက်၎င်း၏လုံခြုံရေးအကျိုးစီးပွားများကို တိုက်ရိုက်တင်ပြနိုင်မည့်အခွင့်အရေးကို ပိုမိုခိုင်မာစေနိုင်သည်။

ထို့ပြင် အမေရိကန်နှင့် မြောက်ကိုရီးယားတို့ကြား ထိပ်သီးတွေ့ဆုံမှုပြန်လည်ဖြစ်ပေါ်လာခြင်းသည် မြောက်ကိုရီးယား၏ နိုင်ငံတကာဆက်ဆံရေးအခြေအနေကိုလည်း ပြောင်းလဲစေနိုင်သည်။ အထူးသဖြင့် ဝါရှင်တန်နှင့် ပြုံယမ်းတို့ကြား၌ တိုက်ရိုက်ဆွေးနွေးမှု ပုံမှန်ပြန်လည်ဖြစ်ပေါ်လာပါက မြောက်ကိုရီးယားအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း ၎င်း၏ရပ်တည်ချက်ကို ပိုမိုခိုင်မာအောင်ဖော်ဆောင်နိုင်မည့် အခြေအနေတစ်ရပ် ရရှိလာနိုင်သည်။

ထို့ကြောင့် ထရမ့်နှင့်ကင်ဂျုံအွန်တို့ကြား ထိပ်သီးဆွေးနွေးပွဲအသစ်ဖြစ်ပေါ်လာပါက မြောက်ကိုရီးယားအတွက်အဓိကအကျိုးကျေးဇူးများမှာ နျူကလီးယားအရေးတွင် လက်တွေ့ကျသောဆွေးနွေးမှုအခြေအနေရရှိလာခြင်း၊ အမေရိကန်ထံမှ လုံခြုံရေးအာမခံချက် ရှာဖွေနိုင်ခြင်း၊ ပိတ်ဆို့အရေးယူမှုလျှော့ချရေးအတွက် ဆွေးနွေးနိုင်ခြင်းနှင့် စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုများရနိုင်မည့် အလားအလာများ ပေါ်ပေါက်လာခြင်းတို့ ဖြစ်ပါသည်။



Ref: SCMP

ထက်မြတ်

---

## ပါကစ္စတန်က လောင်စာဆီချွေတာရေး အစီအမံများထုတ်ပြန်

**အစ္စလာမ်မာဘတ်၊ စွမ်းအင်**

ပင်လယ်ကွေ့ဒေသတွင် စစ်ရေးပဋိပက္ခများပြင်းထန်လာပြီး ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ပါကစ္စတန်အစိုးရက လောင်စာဆီသုံးစွဲမှု လျှော့ချရန်နှင့် အစိုးရအသုံးစရိတ်များ ထိန်းချုပ်ရန်အရေးပေါ် ခြိုးခြံချွေတာရေးအစီအမံများကို စက်တင်ဘာလ ၁၇ ရက်တွင် ထုတ်ပြန်လိုက်ကြောင်းသိရသည်။

ထိုအစီအမံများအရ အစိုးရပိုင်ယာဉ်များအတွက် လောင်စာဆီခွဲတမ်းများကို လျှော့ချသွားမည်ဖြစ်ပြီး အစိုးရဌာနများအနေဖြင့် ယာဉ်အသစ်များ ဝယ်ယူခြင်းကိုလည်းတားမြစ်ထားသည်။

ထို့ပြင် အစိုးရဝန်ထမ်းများ၏ နိုင်ငံခြားခရီးစဉ်များကို ကန့်သတ်ခြင်းနှင့် အစိုးရကကြီးမှူးကျင်းပသည့် တရားဝင်ညစာစားပွဲများ ရပ်ဆိုင်းခြင်းတို့လည်း အစီအမံတွင်ပါဝင်သည်။

ပါကစ္စတန်နိုင်ငံသည် စွမ်းအင်လိုအပ်ချက်အတွက် ပြည်ပမှတင်သွင်းမှုများအပေါ် အားထားနေရသည့် နိုင်ငံဖြစ်သဖြင့် ပင်လယ်ကွေ့ဒေသပဋိပက္ခများကြောင့်လောင်စာနှင့် စွမ်းအင်ဈေးကွက်အပေါ် သက်ရောက်မှုများ ပိုမိုပြင်းထန်လာမည်ကို စိုးရိမ်လျက်ရှိသည်။

Ref: AGC

## ရှီကျင့်ဖျင်၏ အမေရိကန်ခရီးစဉ်တွင် နှစ်နိုင်ငံကြားစစ်ရေးအရ ဆက်ဆံရေးတိုးမြှင့်ဖွယ်ရှိ

**ပေကျင်း၊ ဆက်ဆံရေး**

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အမေရိကန်နိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံကြား စစ်ရေးအရဆက်ဆံရေးကို တိုးမြှင့်ဖွယ်ရှိပြီး ထိုအစီအစဉ်အတွက် ရည်ရွယ်သည့် အစီအမံများကို ထုတ်ပြန်သွားနိုင်ဖွယ်ရှိကြောင်း အဆိုပါဆွေးနွေးမှုများနှင့် နီးစပ်သူများ၏ပြောဆိုမှုကို ကိုးကား၍ South China Morning Post က စက်တင်ဘာလ ၁၇ ရက်တွင် ဖော်ပြထားသည်။



ဆွေးနွေးနေသည့် အစီအမံများအနက် နှစ်နိုင်ငံစစ်ဘက်များကြား ဆက်သွယ်ရေးလမ်းကြောင်းများကို ပိုမိုအသက်ဝင်စေရန်နှင့် လက်ရှိသုံးနေသည့်ဆက်သွယ်ရေးယန္တရားများကို အားကောင်းစေရန် ဆောင်ရွက်ရေး ပါဝင်ကြောင်း သိရသည်။ ထို့ပြင် နှစ်နိုင်ငံစစ်ဘက်အရာရှိများကြား အဆင့်အမျိုးမျိုးဖြင့် ဆက်သွယ်ဆွေးနွေးမှုများရှိနေပြီး လွန်ခဲ့သည့်လများအတွင်း ထိတွေ့ဆက်ဆံမှုအကြိမ်ရေနှင့် အဆင့်အတန်းမှာလည်း သိသိသာသာ မြင့်တက်လာကြောင်း သတင်းတွင် ဖော်ပြထားသည်။

ထို့ပြင်တရုတ်(တိုင်ပေ)သို့ အမေရိကန်၏ လက်နက်ရောင်းချမှုနှင့် ပတ်သက်၍ ၂၀၂၄ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သည့် လက်နက်ထိန်းချုပ်ရေး ဆွေးနွေးပွဲများ ပြန်လည်စတင်ရေးကိုလည်း နှစ်နိုင်ငံက ဆွေးနွေးနေကြောင်း သိရသည်။

နှစ်နိုင်ငံကြား မဟာဗျူဟာနှင့် လုံခြုံရေးဆိုင်ရာ ပြိုင်ဆိုင်မှုများ ဆက်လက်ရှိနေသော်လည်း စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးများ တိုးမြှင့်လာခြင်းသည် နှစ်နိုင်ငံကြား အထင်အမြင်လွဲမှားမှုများနှင့် မလိုလားအပ်သည့် ထိပ်တိုက်တွေ့ဆုံမှုများကိုလျှော့ချရန် အရေးပါသည့် လမ်းကြောင်းတစ်ရပ် ဖြစ်လာနိုင်ကြောင်း သတင်းဌာနကဖော်ပြထားသည်ဟုသိရသည်။

Ref: SCMP

## စင်ကာပူ၌ မီးခိုးမြူများ ထူထပ်မှုပြန်လည်ဖြစ်ပွား ကျန်းမာရေးအတွက် စိုးရိမ်ရသည့်အခြေအနေရှိ

**စင်ကာပူ၊ ကျန်းမာရေး**

စင်ကာပူနိုင်ငံတွင် စက်တင်ဘာလ ၁၇ ရက်က မီးခိုးမြူများထူထပ်မှုပြန်လည်ဖြစ်ပွားလာသောကြောင့် လေထုညစ်ညမ်းမှုအဆင့် မြင့်တက်လာပြီး အချို့နေရာများတွင် လေထုအရည်အသွေးသည် ကျန်းမာရေးအတွက် လွန်စွာစိုးရိမ်ရသည့်အဆင့်သို့ရောက်ရှိလာကြောင်း သိရသည်။

လေထုညစ်ညမ်းမှုဖြစ်စဉ်မှာ ဒေသတွင်း မီးခိုးမြူများနှင့် လေထုအခြေအနေများကြောင့် ပိုမိုဆိုးရွားလာခြင်းဖြစ်ပြီး စင်ကာပူ၏ လေထုအရည်အသွေးတိုင်းတာသည့် PSI အညွှန်းကိန်းတွင်လည်း မြင့်တက်မှုများ တွေ့ရသည်။

လေထုအရည်အသွေး ကျဆင်းလာသည့်အခြေအနေကြောင့်အထူးသဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့်ကျန်းမာရေးထိခိုက်လွယ်သူများအနေဖြင့် ပြင်ပတွင် အချိန်ကြာမြင့်စွာနေထိုင်ခြင်းကို လျှော့ချရန်လိုအပ်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။ စင်ကာပူတွင် မီးခိုးမြူညစ်ညမ်းမှုသည် အိမ်နီးချင်းနိုင်ငံများတွင်ဖြစ်ပေါ်သည့် တောမီးနှင့် မြေယာမီးရှို့မှုများနှင့်ဆက်စပ်နေသည်။

Ref: AGC

## ကမ္ဘာ့ရေချို သိုလှောင်နိုင်မှုပမာဏ လျော့ကျလာပြီး ရေခဲပြင်များဆက်လက် အရည်ပျော်နေ

**ဂျီနီဗာ၊ ရာသီဥတု**

၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာပေါ်ရှိ မြစ်များ၏ရေစီးဆင်းမှုမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကာလများကထက် အခြောက်သွေ့ဆုံးနှစ်တစ်နှစ်ဖြစ်လာကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO) က စက်တင်ဘာလ ၁၇ ရက်တွင် ထုတ်ပြန်လိုက်သည်။

ထို့ပြင် ရေရှည်ကာလအတွက် ရေချိုသိုလှောင်မှုလျော့ကျလာခြင်းနှင့် ရေခဲပြင်များ ဆက်လက်အရည်ပျော်နေမှုတို့မှာ အနာဂတ်အတွက် ပြင်းထန်သောသက်ရောက်မှုများရှိလာနိုင်ကြောင်း ထုတ်ပြန်ချက်တွင် သတိပေးထားသည်။

ရေသံသရာမှာ အလွန်မတည်မငြိမ်ဖြစ်ကာ ခန့်မှန်းရခက်လာပြီး ရေရှားပါးခြင်းနှင့် ရေလျှံခြင်းဟူ၍ အစွန်းနှစ်ဖက်သို့ ယိမ်းယိုင်လာနေကြောင်း WMO ၏ အစီရင်ခံစာအရ သိရသည်။

ခုနစ်နှစ်ဆက်တိုက်ဆိုသလိုပင် မြစ်ဝှမ်းဒေသအရေအတွက် သိသိသာသာနည်းပါးနေပြီး ၁၉၉၁ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်ကြားတွင် ပျမ်းမျှ ၄၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ ၃၄ ရာခိုင်နှုန်းနှင့် ၃၈ ရာခိုင်နှုန်းကြား သာရှိတော့ကြောင်းသိရသည်။

Ref: Xinhua



## ရေဒီယိုလှိုင်းမထုတ်တဲ့ ဒရုန်းတွေကိုရှာဖွေနိုင်မယ့် Lidar နည်းပညာ

ဒရုန်းတွေကို ပိုမိုထိရောက်စွာ ရှာဖွေဖော်ထုတ်နိုင်ဖို့အတွက် Lidar နည်းပညာကို အသုံးပြုထားတဲ့ တန်ပြန်ဒရုန်းစနစ်အသစ်တစ်ခု ထွက်ပေါ်လာပါတယ်။ အမေရိကန်နည်းပညာကုမ္ပဏီ AEye နဲ့ ဆွီဒင်ကာကွယ်ရေးနည်းပညာကုမ္ပဏီ AB Swiftstrike AI တို့ ပူးပေါင်းပြီး STRATOS Lidar ကို Swiftstrike ရဲ့ အလိုအလျောက် တန်ပြန်ဒရုန်းစနစ်ထဲ ထည့်သွင်းအသုံးပြုသွားမှာဖြစ်ပါတယ်။

STRATOS ဟာ အရာဝတ္ထုတွေကို ၁ မိုင်ခန့် အကွာအဝေးအထိ ရှာဖွေပေးနိုင်ပြီး AEye ရဲ့ Apollo Lidar ထက်ကြည်လင်ပြတ်သားမှု နှစ်ဆကျော် ပိုမိုကောင်းမွန်တယ်လို့ဆိုပါတယ်။ ဒါကြောင့် အဝေးကနေ ပျံသန်းလာတဲ့ ဒရုန်းအသေးစားတွေကို ပတ်ဝန်းကျင်ရှိ အခြားအရာဝတ္ထုတွေနဲ့ ခွဲခြားဖော်ထုတ်ရာမှာ အထောက်အကူပြုနိုင်ပါတယ်။ ဒီနည်းပညာရဲ့ အားသာချက်ကရေဒီယိုလှိုင်းမထုတ်ဘဲပျံသန်းနိုင်တဲ့ ဒရုန်းတွေကိုပါ ရှာဖွေနိုင်တာပါ။ ရိုးရိုး RF စနစ်တွေက ရေဒီယိုအချက်ပြမှုကို အားကိုးရတာဖြစ်ပေမယ့် Lidar က လေဆာအလင်းတန်းတွေကို အသုံးပြုပြီး ပစ်မှတ်ရဲ့အကွာအဝေး၊ အမြင့်နဲ့ အမြန်နှုန်းတို့ကို သုံးဖက်မြင်အချက်အလက်အဖြစ် ရယူနိုင်ပါတယ်။ ကုမ္ပဏီနှစ်ခုကတော့ ဒီစနစ်ကို စစ်ဘက်နဲ့ အရေးကြီးအခြေခံအဆောက်အအုံတွေမှာ အသုံးပြုနိုင်ဖို့ ရည်ရွယ်ထားတယ်လို့သိရပါတယ်။ **Ref: IE**

**ကိုထက်**



## ကားရပ်ထားရုံနဲ့ အားသွင်းနိုင်မယ့် EV ကြိုးမဲ့အားသွင်းစနစ်အသစ်

လျှပ်စစ်ကား (EV) တွေ အသုံးများလာတာနဲ့အမျှ အားသွင်းကြိုးတွေကိုင်တွယ်ရတဲ့အခက်အခဲကိုလည်း လျှော့ချနိုင်မယ့် နည်းပညာအသစ်တွေ ထွက်ပေါ်လာနေပါတယ်။ အစ္စရေးမှနည်းပညာကုမ္ပဏီဖြစ်တဲ့ Electreon ကတော့ ကားရပ်နားရာနေရာကိုပဲ EV အားသွင်းစခန်းအဖြစ် အသုံးပြုနိုင်မယ့် Lite DOT ကြိုးမဲ့အားသွင်းစနစ်ကို မိတ်ဆက်လိုက်ပါတယ်။

Lite DOT မှာ မြေပြင်ပေါ်ချပြီးတပ်ဆင်ထားတဲ့ ပါးလွှာတဲ့ကြိုးမဲ့အားသွင်းပြား၊ နံရံမှာတပ်ဆင်တဲ့ ပါဝါထိန်းချုပ်ကိရိယာနဲ့ ကားအောက်ပိုင်းမှာ တပ်ဆင်နိုင်မယ့် လက်ခံကိရိယာတို့ပါဝင်ပါတယ်။ ကားကို သတ်မှတ်ထားတဲ့နေရာမှာ ရပ်လိုက်တာနဲ့ ကားနဲ့အားသွင်းပြားကြား ချိတ်ဆက်ပြီး အားသွင်းနိုင်မှာဖြစ်ပါတယ်။

ဒီစနစ်က အမြင့်ဆုံး 11 kW အထိ AC လျှပ်စစ်အားပေးနိုင်ပြီး တစ်ညလုံးကားရပ်ထားတဲ့အချိန်မှာ အားဖြည့်ပေးနိုင်ဖို့ ရည်ရွယ်ထားတာပါ။ Electreon ရဲ့အဆိုအရ သတ်မှတ်ထားတဲ့အခြေအနေတွေမှာ အားသွင်းခြင်းရဲ့ထိရောက်မှုက ၉၀ ရာခိုင်နှုန်းအထိရှိနိုင်ပါတယ်။ အထူးသဖြင့် လျှပ်စစ်ကားအများအပြားကို တစ်နေရာတည်းမှာ ရပ်ထားရတဲ့ ကုန်တင်ယာဉ်နဲ့ ပို့ဆောင်ရေးယာဉ်လုပ်ငန်းတွေမှာ အားသွင်းကြိုးတွေကြောင့် ဖြစ်လာနိုင်တဲ့ပြဿနာတွေကို လျှော့ချနိုင်မယ်လို့ဆိုပါတယ်။ Lite DOT ရဲ့ ဈေးနှုန်းကို တရားဝင်ထုတ်ပြန်ထားခြင်း မရှိသေးပါဘူး။ **Ref: EA**

**ကိုထက်**

## ကမ္ဘာ့အခြောက်သွေ့ဆုံးသဲကန္တာရကြီးအောက်မှာ ရေအရင်းအမြစ်နှစ်ခုရှိ



တရုတ်နိုင်ငံရှိ အကြီးဆုံးသဲကန္တာရဖြစ်တဲ့ တာကလမာကန်ကန္တာရအောက်မှာ အရွယ်အစားကြီးမားတဲ့ မြေအောက်ရေအရင်းအမြစ်နှစ်ခုကို ရှာဖွေတွေ့ရှိထားတယ်လို့သိရပါတယ်။ ဒီတွေ့ရှိမှုဟာ ရေရှားပါးတဲ့ ရှင်ကျန်းဒေသမှာ စိုက်ပျိုးရေးနဲ့ သဲကန္တာရတားဆီးရေးလုပ်ငန်းတွေအတွက် အရေးပါလာနိုင်ပါတယ်။

ရေအရင်းအမြစ်တစ်ခုကို သဲကန္တာရရဲ့ တောင်ဘက်အစွန်း မင်ဖန်းခရိုင် အန်ဒီယာမြို့နယ်အနီးမှာတွေ့ရှိခဲ့ပြီး နောက်တစ်ခုကိုတော့ သဲကန္တာရအတွင်းပိုင်း မာဇာတာ့တောင်တန်းရဲ့တောင်ဘက်မှာ ရှာဖွေတွေ့ရှိခဲ့တာဖြစ်ပါတယ်။ တာကလမာကန်ရဲ့အောက်မှာ မြေအောက်ရေရှိနေပေမယ့် အများစုဟာ ဆားဓာတ်များတဲ့ရေဖြစ်နိုင်တာကြောင့် တိုက်ရိုက်သောက်သုံးဖို့ ဒါမှမဟုတ် စိုက်ပျိုးရေးမှာအသုံးပြုဖို့ မလွယ်ကူပါဘူး။ ဒါကြောင့် တရုတ်သုတေသီများက ဆားဓာတ်ပါဝင်တဲ့ရေကို သဲကန္တာရတားဆီးရေးနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ဘေးကင်းစွာ အသုံးပြုနိုင်မလားဆိုတာ စမ်းသပ်ဖို့ စမ်းသပ်စခန်းတစ်ခုပါ တည်ဆောက်ထားပါတယ်။

တာကလမာကန်ဒေသမှာ သဲကန္တာရတိုးပွားမှုကို တားဆီးဖို့ သစ်ပင်နဲ့အပင်တွေ စိုက်ပျိုးတဲ့စီမံကိန်းတွေ ဆက်လက်လုပ်ဆောင်နေတဲ့အတွက် ရေအရင်းအမြစ်တွေ့ရှိမှုက အရေးပါလာပါတယ်။ ဒါကိုဘယ်လောက်အထိ အသုံးချနိုင်မလဲဆိုတာကိုတော့ ဆက်လက်လေ့လာဖို့ လိုအပ်နေပါသေးတယ်။ **Ref: IE**

**ကိုထက်**

## ဝက်သက်ရောဂါပြန့်ပွားမှုကို တားဆီးနိုင်မယ့် ပိုးသတ်ဆေးအသစ်

ဝက်သက်ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးနိုင်စေမယ့် ပိုးသတ်ဆေးအသစ်တစ်မျိုးကို အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တက္ကသိုလ်မှ သုတေသီတွေက စမ်းသပ်တွေ့ရှိထားပါတယ်။ GHP-88310 လို့အမည်ပေးထားတဲ့ စမ်းသပ်ဆေးဟာ ဗိုင်းရပ်စ်တွေမျိုးပွားဖို့လိုအပ်တဲ့ polymerase အင်ဇိုင်းကိုပစ်မှတ်ထားပြီး တိုက်ဖျက်တဲ့ဆေးဖြစ်ပါတယ်။ သုတေသနပညာရှင်များက ဝက်သက်ရောဂါနဲ့ ဆင်တူတဲ့ရောဂါဖြစ်စေတဲ့ canine distemper virus ကို တိရစ္ဆာန်တွေမှာအသုံးပြုပြီး စမ်းသပ်ခဲ့ကြတာပါ။

စမ်းသပ်မှုအတွင်း ဗိုင်းရပ်စ်နဲ့ ထိတွေ့မိချိန်မတိုင်မီ ဒါမှမဟုတ် ထိတွေ့ပြီးမကြာခင် ဆေးကိုပေးလိုက်တဲ့အခါ တိုက်ရိုက်ထိတွေ့မှုမှတစ်ဆင့် ကူးစက်တာအပြင် လေထဲကနေ ကူးစက်မှုကိုပါတားဆီးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ရောဂါကူးစက်ပြီးသားတိရစ္ဆာန်တွေကိုဆေးပေးတဲ့အခါ ရောဂါလက္ခဏာတွေလျော့နည်းလာပြီး တခြားတိရစ္ဆာန်တွေကို ဗိုင်းရပ်ကူးစက်နိုင်စေတဲ့ကာလလည်း တိုတောင်းလာခဲ့ပါတယ်။

လက်ရှိရလဒ်တွေဟာ တိရစ္ဆာန်နဲ့စမ်းသပ်မှုအပေါ်မှာသာ အခြေခံထားတာဖြစ်တဲ့အတွက် လူတွေအပေါ် ထိရောက်မှုနဲ့ ဘေးကင်းမှုကိုအတည်ပြုဖို့ နောက်ထပ်ဆေးဘက်ဆိုင်ရာစမ်းသပ်မှုတွေ လိုအပ်နေဆဲဖြစ်ပါတယ်။ **Ref: STD**

**ကိုထက်**



## iPhone 18 Pro Max က Apple ရဲ့ အမြန်ဆုံးအားသွင်းနိုင်တဲ့ iPhone ဖြစ်လာ



Apple ရဲ့ နောက်ဆုံးထွက် iPhone 18 Pro Max ဟာ အရင် iPhone မော်ဒယ်တွေထက် အားသွင်းအမြန်နှုန်း သိသိသာသာမြင့်တက်လာပြီး Apple ရဲ့ အမြန်ဆုံးအားသွင်းနိုင်တဲ့ iPhone ဖြစ်လာပါတယ်။ iPhone 18 Pro Max မှာ 60W ကြိုးဖြင့်အားသွင်းစနစ်ပါဝင်လာပြီး ၁၅ မိနစ်အတွင်း ဘက်ထရီ ၅၀ ရာခိုင်နှုန်းအထိ အားဖြည့်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒါဟာ ယခင် iPhone 17 Pro Max ရဲ့ 40W အားသွင်းစနစ်ထက် သိသိသာသာ ပိုမြန်လာတာပါ။

အားသွင်းအမြန်နှုန်း တိုးလာတာနဲ့အမျှ iPhone 18 Pro Max ရဲ့ ဘက်ထရီစွမ်းရည်လည်းတိုးလာပါတယ်။ ဥရောပဈေးကွက်အတွက်ထုတ်လုပ်တဲ့မော်ဒယ်မှာ ဘက်ထရီစွမ်းရည် 5391 mAh ရှိပြီး ယခင်မော်ဒယ်ထက် ၁၁ ဒသမ ၈ ရာခိုင်နှုန်းခန့် ပိုမိုကြီးမားလာတယ်လို့သတင်းတွေက ဖော်ပြထားပါတယ်။ Apple ကလည်း Pro Max မော်ဒယ်မှာ ဗီဒီယိုကြည့်နိုင်ချိန် ၄၅ နာရီအထိ ရှိနိုင်တယ်လို့ ဆိုထားပါတယ်။ ဒါ့အပြင် iPhone 18 Pro Max မှာ A20 Pro ချစ်ပြား၊ အပူထိန်းချုပ်မှုစနစ်အသစ်နဲ့ ကင်မရာပိုင်းအဆင့်မြှင့်တင်မှုတွေပါ ပါဝင်လာပါတယ်။ အထူးသဖြင့် အားသွင်းချိန်တိုပြီး အသုံးပြုနိုင်တဲ့ဘက်ထရီသက်တမ်းပိုများလာတာက အဓိကပြောင်းလဲမှုဖြစ်လာပါတယ်။ **Ref: IE**

**ကိုထက်**

# မြေထုချပ်များရွေ့လျားမှုကြောင့် လှုပ်ရှားနေသော ငလျင်ဘေးအန္တရာယ်

ဒေါက်တာယဉ်မျိုးမင်းထွေး
(မိုး/ဇလ)


လူသားတို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် မြေထုချပ်အသီးသီးနှင့်ဖွဲ့စည်းတည်ဆောက်ထားပြီး အဆိုပါမြေထုချပ်များသည် အချိန်တိုင်း ရွေ့လျားနေခြင်းကြောင့် ကမ္ဘာနှင့်တစ်ဝန်း ငလျင်များ အချိန်တိုင်း ငလျင်ဗဟိုချက်တည်နေရာ၊ ပမာဏတို့မတူညီဘဲ လှုပ်ရှားနေရခြင်းဖြစ်သည်။ ငလျင်လှုပ်ရှားမှုသက်ရောက်ခြင်းသည် နယ်နိမိတ်ကန့်သတ်ခြင်းမရှိဘဲ နယ်မြေချင်းထိစပ်နေသော နိုင်ငံများအထိ သက်ရောက်နိုင်သကဲ့သို့ မြေထုချပ်တစ်ခုတွင် အင်အားပြင်း ငလျင်ကြီးများ လှုပ်ရှားပါက အဆိုပါမြေထုချပ်တွင် လှုပ်ရှားသော ငလျင်၏အရှိန်ကြောင့် အခြားထိစပ်နေသည့် မြေထုချပ်များတွင်လည်း ငလျင်လှုပ်ရှားမှုဖြစ်ပေါ်နိုင်သည်။ ငလျင်သည် အချိန်မရွေး ဖြစ်ပေါ်နိုင်သော သဘာဝဘေးတစ်မျိုးဖြစ်၍ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းသည် သာလျှင် အကောင်းဆုံးဖြစ်သည်။

ကမ္ဘာမြေကြီးတွင် မြေထုချပ် ဟုခေါ်သော Plate များတည်ရှိနေပြီး ယူရေးရှားမြေထုချပ်၊ မြောက်အမေရိက မြေထုချပ်၊ တောင်အမေရိက မြေထုချပ်၊ ပစိဖိတ်မြေထုချပ်၊ အာဖရိက မြေထုချပ်၊ အိန္ဒိယ-ဩစတြေးလျ မြေထုချပ်၊ အန္တာတိက မြေထုချပ်၊ အာရေဗျမြေထုချပ်၊ ကာရေဗီယန် မြေထုချပ်၊ ကိုကိုးမြေထုချပ်၊ နက်ဇခါမြေထုချပ်၊ ဖိလစ်ပိုင်မြေထုချပ်နှင့် ဆိုမာလီမြေထုချပ်တို့ပါဝင်ဖွဲ့စည်းထားသည်။

မြေထုချပ်များသည်အချိန်တိုင်း ပုံမှန်ရွေ့လျားနေခြင်းဖြစ်ပြီး တစ်ခါတစ်ရံ ရွေ့လျားနေစဉ်အချိန်အတွင်း မြေထုချပ်များသည် ပြုတ်ကျသွားခြင်း၊ ချော်ထွက်သွားခြင်းများဖြစ်ပေါ်သည့်အခါ ငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်ရသည်။ ထိုသို့ငလျင်လှုပ်ရှားမှုတွင် ငလျင်ပမာဏ အနည်းအများအပေါ် မူတည်၍ အခြားဆက်စပ်မြေထုချပ်များအပေါ်သက်ရောက်မှုသည် အနည်းအများကွာခြားနိုင်သည်။ သက်ရောက်မှုများပါက ဆက်စပ်မြေထုချပ်၌တည်ရှိသည့်နိုင်ငံများတွင်လည်း များသောအားဖြင့်ငလျင်လှုပ်ရှားမှုကို ဖြစ်ပေါ်စေနိုင်သည်။ အချို့အချိန်များတွင် မလှုပ်ရှားသည်များလည်း ရှိနိုင်သည်။

ပစိဖိတ်မီးကွင်း(Ring of Fire)ရှိ ဂျပန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် နယ်နိမိတ်ဆက်စပ်နေသည့်နိုင်ငံများဖြစ်ပြီး အဆိုပါဒေသများတွင် ငလျင်၊ ဆူနာမီနှင့် မီးတောင်ပေါက်ကွဲမှုများ မကြာခဏတွေ့ကြုံနေရသောနိုင်ငံများဖြစ်သည်။ ပစိဖိတ်မီးကွင်း(Ring of Fire)သည် ကမ္ဘာပေါ်တွင် ငလျင်လှုပ်ရှားမှုနှင့် မီးတောင်ပေါက်ကွဲမှု အများဆုံးဖြစ်ပွားရာဒေသဖြစ်ပြီး ကမ္ဘာ့ငလျင်စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်သည် ဤနေရာတွင် လှုပ်ရှားခဲ့သည်။


ပစိဖိတ်မီးကွင်းဒေသတွင် ငလျင်များ ပြင်းထန်စွာလှုပ်ရှားရခြင်း၏ အဓိကအကြောင်းရင်းနှစ်ရပ်မှာ မြေထုချပ်ငုပ်လျှိုးဝင်ရောက်ခြင်းနှင့် ဘေးတိုက်ပြတ်ရွေ့များကြောင့်ဖြစ်သည်။ ပစိဖိတ်မီးကွင်းဒေသ အနီးပတ်ဝန်းကျင်ရှိ အခြားမြေထုချပ်များ (ဥပမာ-မြောက်အမေရိက၊ ယူရေးရှား၊ အင်ဒို-ဩစတြေးလျ) သည် အောက်သို့အရှိန်ဖြင့် တိုးဝင်ငုပ်လျှိုးနေခြင်းကြောင့် ငလျင်များ လှုပ်ရှားနေရသည်။




မြေထုချပ်များတည်ရှိနေပုံ

**"မြန်မာနိုင်ငံ၏ဘူမိဗေဒဆိုင်ရာလက္ခဏာများအရ ငလျင်လှုပ်ရှားမှုများကို ဖြစ်ပေါ်စေနိုင်သော သက်ရှင်ပြတ်ရွေ့များအနက် စစ်ကိုင်းပြတ်ရွေ့သည် ထင်ရှားသော အဓိကပြတ်ရွေ့ကြီးတစ်ခုဖြစ်ပြီး စစ်ကိုင်းပြတ်ရွေ့တွင် ငလျင်လှုပ်ရှားမှုများဖြစ်ပေါ်ရခြင်း၏အဓိကအကြောင်းရင်းမှာ အိန္ဒိယမြေထုချပ်(Indian Plate)နှင့် ယူရေးရှားမြေထုချပ်(Eurasian Plate)တို့ တွန်းတိုက်တိုးဝင်နေမှုကြောင့်ဖြစ် . . ."**

အချို့ဒေသများတွင် မြေထုချပ်များသည် အောက်သို့တိုးဝင်ခြင်းမရှိဘဲ ဘေးတိုက်ရွေ့လျားနေကြသည်။ ဥပမာ- အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ San Andreas Fault သည်ပစိဖိတ်မီးကွင်း၏ဘေးတိုက်ပြတ်ရွေ့အဖြစ်ထင်ရှားပြီး အပျက်အစီးများသော ငလျင်ပြင်းအား အလယ်အလတ်နှင့် အထက်ရှိသည့်ငလျင်များ လှုပ်ရှားလေ့ရှိသည်။ ပစိဖိတ်မီးကွင်းဒေသတွင် မြေထုချပ်များရွေ့လျားမှုကြောင့် မီးတောင်ပေါက်ကွဲမှုများဖြစ်ပေါ်သည်ကိုလည်း တွေ့ရသည်။ အဆိုပါဒေသတွင် လှုပ်ရှားသော ငလျင်အများစုသည် ပင်လယ်ရေအောက်ကြမ်းပြင်တွင် လှုပ်ရှားလေ့ရှိရာ မြေလွှာအထက်အောက် ရုတ်တရက် ရွေ့လျားသွားပါက ပင်လယ်ရေထုကို မြောက်တင်လိုက်သကဲ့သို့ဖြစ်ပြီး ပြင်းထန်သောဆူနာမီရေလှိုင်းကြီးများသည် ပစိဖိတ်သမုဒ္ဒရာတစ်လျှောက် ရိုက်ခတ်စေသည်။




ပစိဖိတ်မီးကွင်းဒေသ၏ တည်ရှိနေမှုပြမြေပုံ

**"မြေထုချပ်များသည် အချိန်တိုင်းရွေ့လျားနေခြင်းကြောင့် ကမ္ဘာနှင့်တစ်ဝန်း ငလျင်များ အချိန်တိုင်းလှုပ်ရှားနေရခြင်းဖြစ်သည်။ ငလျင်လှုပ်ရှားမှုသည် အင်အားပြင်းထန်ပြီး အခြားသောမြေထုချပ်များနှင့်ဆက်စပ်နေပါက အဆိုပါ ဆက်စပ်နေသည့်မြေထုချပ်တွင်လည်း လှုပ်ရှားမှုများဖြစ်ပေါ်နိုင်၍ ငလျင်လှုပ်ရှားမှုဖြစ်ပေါ်နိုင်သည်ကိုတွေ့ရသော်လည်း အချို့သောလှုပ်ရှားမှုများတွင် ဆက်စပ်၍ မဖြစ်ပေါ်နိုင်သည်များလည်းရှိ . . ."**

မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဟိမဝန္တာဒေသတို့သည် ကမ္ဘာပေါ်တွင် ငလျင်လှုပ်ရှားမှုများပြီး ရှုပ်ထွေးသော မြေထုချပ်တိုးဝင်မှုများ ထိစပ်ရာဒေသတစ်ခုဖြစ်သည်။ ဤဒေသ၏ငလျင်လှုပ်ရှားမှုဖြစ်ပေါ်ရခြင်းမှာ အိန္ဒိယမြေထုချပ် (Indian Plate)သည် ယူရေးရှားမြေထုချပ်(Eurasian Plate)နှင့် မြန်မာမြေထုချပ်ငယ်(Burma Microplate)တို့အောက်သို့ နှစ်စဉ် မြောက်ဘက်နှင့်အရှေ့မြောက်ဘက်သို့တိုးဝင်နေခြင်းတို့ကြောင့် ဖြစ်သည်။ ဟိမဝန္တာဒေသတွင် အင်အားပြင်းငလျင်ကြီးများလှုပ်ရှားလေ့ရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ဘူမိဗေဒဆိုင်ရာလက္ခဏာများအရ ငလျင်လှုပ်ရှားမှုများကို ဖြစ်ပေါ်စေနိုင်သော သက်ရှင်ပြတ်ရွေ့များအနက် စစ်ကိုင်းပြတ်ရွေ့သည် ထင်ရှားသော အဓိကပြတ်ရွေ့ကြီးတစ်ခုဖြစ်ပြီး စစ်ကိုင်းပြတ်ရွေ့တွင် ငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အိန္ဒိယမြေထုချပ်(Indian Plate)နှင့် ယူရေးရှားမြေထုချပ်(Eurasian Plate)တို့ တွန်းတိုက်တိုးဝင်နေမှုကြောင့်ဖြစ်သည်။ စစ်ကိုင်းပြတ်ရွေ့တွင် လှုပ်ရှားသောငလျင်များသည် မြေအောက်ဗဟိုချက်အနက်တိမ်သောကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်စေသော ငလျင်များကို လှုပ်ရှားနိုင်သည်။ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းရှိ ကဘော်ပြတ်ရွေ့သည်လည်း သက်ရှင်ပြတ်ရွေ့တစ်ခုဖြစ်ပြီး မြေအောက်ဗဟိုချက်အနက် အလယ်အလတ်ရှိသောငလျင်များ လှုပ်ရှားလေ့ရှိသည်ကိုတွေ့ရသည်၊ အိန္ဒိယမြေထုချပ်သည် မြောက်ဘက်သို့တိုးဝင်နေမှုနှင့် အရှေ့ဘက်သို့တိုးဝင်နေမှုတို့ပေါင်းစပ်မိသည့်အတွက် အလွန်ရှုပ်ထွေးသောဖိအားများကိုဖြစ်ပေါ်စေပြီး ၁၈၉၇ ခုနှစ်က ပမာဏ ၈ ဒသမ ၃ (M)ခန့်နှင့် ၁၉၅၀ ပြည့်နှစ်က ပမာဏ ၈ ဒသမ ၆ (M)တို့ဖြင့် လှုပ်ရှားခဲ့သောအာသံငလျင်ကြီးများသည် ပျက်စီးမှုများရှိခဲ့ပြီး သမိုင်းဝင်အင်အားပြင်းငလျင်ကြီးများဖြစ်ခဲ့သည်။

မြေထုချပ်များသည်အချိန်တိုင်း ရွေ့လျားနေခြင်းကြောင့် ကမ္ဘာနှင့်တစ်ဝန်း ငလျင်များ အချိန်တိုင်း လှုပ်ရှားနေရခြင်းဖြစ်သည်။ ငလျင်လှုပ်ရှားမှုသည် အင်အားပြင်းထန်ပြီး အခြားသောမြေထုချပ်များနှင့် ဆက်စပ်နေပါက အဆိုပါဆက်စပ်နေသည့် မြေထုချပ်တွင်လည်း လှုပ်ရှားမှုများဖြစ်ပေါ်နိုင်၍ ငလျင်လှုပ်ရှားမှု ဖြစ်ပေါ်နိုင်သည်ကို တွေ့ရသော်လည်း အချို့သော လှုပ်ရှားမှုများတွင် ဆက်စပ်၍ မဖြစ်ပေါ်နိုင်သည်များလည်းရှိသည်။ သို့ဖြစ်ပါ၍ မြေထုချပ်တစ်ခုတွင် ငလျင်လှုပ်ရှားတိုင်း အခြားသော မြေထုချပ်များအား မသက်ရောက်နိုင်ကြောင်းနှင့် ငလျင်၏ပြင်းအားနှင့် အခြားသော ဘူမိဆိုင်ရာအချက်အလက်များပေါ်တွင် မူတည်နေသည်။

ငလျင်သည် အခြားသော သဘာဝဘေးများကဲ့သို့ ဖြစ်လေ့ဖြစ်ထရှိသည့်အချိန်ကာလ ရာသီမရှိဘဲ အချိန်မရွေးဖြစ်ပေါ်နိုင်သော သဘာဝဘေးတစ်မျိုးဖြစ်ပြီး ကြိုတင်ခန့်မှန်း၍လည်း မရနိုင်ပါ။ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများလျော့နည်းစေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်၍ ငလျင်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

## ဘာစီလိုနာအသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ရာသီအစခုနစ်ပွဲဆက် အနိုင်ရရှိသည့်စံချိန်ကောင်းတစ်ရပ်ရရှိ




**ဘာစီလိုနာ စက်တင်ဘာ ၁၇**

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ်ကစားသည့် ရေးဆင်းအသင်းနှင့်ပွဲစဉ်တွင် နိုင်ပွဲရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက် ရာသီအစ ပြိုင်ပွဲစုံ ခုနစ်ပွဲဆက်နိုင်ပွဲရရှိသည့်မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုဘောလုံးရာသီ နည်းပြဟန်ဆီဖလစ်လက်အောက်တွင် ရလဒ်များ ဆက်တိုက်ကောင်းမွန်နေပြီး ရေးဆင်းအသင်းကိုအနိုင်ရရှိပြီးနောက် ယခုဘောလုံးရာသီအစ ပြိုင်ပွဲစုံခုနစ်ပွဲဆက်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုဘောလုံးရာသီ အစပိုင်းတွင် စပိန်လာလီဂါပွဲစဉ်များအဖြစ် အယ်ချီအသင်းကို ၅ ဂိုး-ဂိုးမရှိ၊ ဘီလ်ဘာအိုအသင်းကို ၂ ဂိုး-ဂိုးမရှိ၊ ဗယ်လ်ကာနိုအသင်းကို ၅ ဂိုး-၂ ဂိုး၊ ဗလင်စီယာအသင်းကို ၅ ဂိုး-ဂိုးမရှိ၊ လီဗန်တေးအသင်းကို ၂ ဂိုးဂိုးမရှိ၊ ရေးဆင်းအသင်းကို ၇ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိသကဲ့သို့ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဖီယင်နုအသင်းကို ၅ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ရာသီအစပြိုင်ပွဲစုံခုနစ်ပွဲဆက်အနိုင်ရရှိသည့် မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဘာစီလိုနာအသင်းတွင် ရာသီအစခြောက်ပွဲဆက်နိုင်ပွဲရရှိသည့် မှတ်တမ်းများအဖြစ် ၁၉၂၉-၁၉၃၀ ဘောလုံးရာသီက နည်းပြဂျိမ်းဘယ်လာမီလက်ထက်တွင်လည်းကောင်း၊ ၁၉၆၀-၁၉၆၁ ဘောလုံးရာသီက နည်းပြ ဘရိုစစ်လက်ထက်တွင်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်က နည်းပြဗယ်လ်ဗာဒီလက်ထက်တွင်လည်းကောင်း မှတ်တမ်းကောင်းများပိုင်ဆိုင်ခဲ့သော်လည်း ယခုအခါ နည်းပြ ဟန်ဆီဖလစ်လက်ထက် ယခုဘောလုံးရာသီတွင် ရာသီအစပြိုင်ပွဲစုံခုနစ်ပွဲဆက် နိုင်ပွဲရရှိသည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်း တိုက်စစ်ပိုင်းသည်လည်း ပြိုင်ပွဲစုံခုနစ်ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၃၃ ဂိုးအထိ သွင်းယူထားနိုင်သည့်အတွက် ရာသီအစ ခုနစ်ပွဲတွင် သွင်းဂိုးအများဆုံး ဘောလုံးရာသီအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

*Ref;Topskillsports UK*

## ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) အကောင်းဆုံးကစားသမားဆု အာဆင်နယ်အသင်းဂိုးသမား ရိုင်ယာဆွတ်ခူး

**လန်ဒန် စက်တင်ဘာ ၁၇**

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ပွဲစဉ်(၄)အတွက် အကောင်းဆုံးကစားသမားဆုကို အာဆင်နယ်အသင်းဂိုးသမားရိုင်ယာက ဆွတ်ခူးနိုင်ခဲ့သည်။

ဂိုးသမား ရိုင်ယာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ်ကစားသည့် အာဆင်နယ်အသင်းက ဆန်းဒါးလန်းအသင်းကို ၂ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသည့် ပွဲစဉ်တွင် အသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြနိုင်ပြီးနောက် ပွဲစဉ်(၄)အတွက် အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်လာပြီးနောက် အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂိုးသမားရိုင်ယာသည် အာဆင်နယ်အသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ပွဲစဉ်တွင် ပယ်နယ်တီတစ်ကြိမ် ကာကွယ်မှုပြုလုပ်နိုင်ခဲ့သည့်အပြင် ပွဲကစားချိန်တွင်လည်း ဆန်းဒါးလန်းအသင်း၏ အပိုင်ဂိုးသွင်းခွင့်များကို အကောင်းဆုံးလက်စွမ်းပြကာကွယ်နိုင်ခဲ့ပြီးနောက် ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်ခဲ့ကြသည့် တခြားကစားသမားများကို ကျော်ဖြတ်ပြီး ပွဲစဉ်(၄) ၏အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Premierleague*

## Guadalajara Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဘက်စ်ကာနှင့် ဘီလက်တို့တွေ့ဆုံ

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၇**

မက္ကဆီကိုနိုင်ငံ၌ ကျင်းပလျက်ရှိသည့် Guadalajara Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်မယ် ဘက်စ်ကာနှင့် ချက်တင်းနစ်မယ် ဘီလက်တို့ တွေ့ဆုံနေသည်။

အဆိုပါပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့်(၃)



အဖြစ် သတ်မှတ်ခံထားရသည့် ဘီလက်သည် အကောင်းဆုံးပုံစံရရှိနေပြီး ၁၆ ဦးရှုံးထွက်အဆင့်တွင် အမေရိကန်တင်းနစ်မယ် အလီကာပေါ့ခ်နှင့်ကစားရာ နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ချန်ပီယံဆုဆွတ်ခူးနိုင်ခြေ အဆင့်(၆)အဖြစ် သတ်မှတ်ခံထားရသည့် ဘက်စ်ကာသည်လည်း ၁၆ ဦးရှုံးထွက်အဆင့်တွင် ဟန်ဂေရီတင်းနစ်မယ် အူဘာဒိုင်နှင့်ကစားခဲ့ရာ နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရရှိပြီးနောက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်ကို စက်တင်ဘာလ ၁၈ ရက်တွင် ကစားမည်ဖြစ်သည်။

ကွာတားဖိုင်နယ်အဆင့်သို့ အမေရိကန်တင်းနစ်မယ်များဖြစ်ကြသည့် စတီယန်နှင့် စတီဖန်၊ ချက်တင်းနစ်မယ် မာဒါလီနာဖရက်၊ ယူကရိန်းတင်းနစ်မယ် ယူစတီကော့တို့လည်း တက်ရောက်နိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို စက်တင်ဘာလ ၁၉ ရက်နှင့် ဗိုလ်လုပွဲစဉ်ကို စက်တင်ဘာလ ၂၀ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

*Ref;WTA*



## BMW PGA ဂေါက်သီးရိုက်ပြိုင်ပွဲအကြို ပရိုမိုးရှင်းပြိုင်ပွဲတွင် မက်အီရွိုင်း ထိပ်ဆုံးမှဦးဆောင်

**လန်ဒန် စက်တင်ဘာ ၁၇**

အင်္ဂလန်နိုင်ငံ၌ ကျင်းပမည့် BMW PGA ဂေါက်သီးရိုက်ပြိုင်ပွဲအကြို ပရိုမိုးရှင်းပြိုင်ပွဲတွင် ထိပ်တန်းဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းအနေဖြင့် အကောင်းဆုံးပုံစံပြသနိုင်ပြီး သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့သည်။

BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲဝင် ကစားသမားများအနေဖြင့် ပြိုင်ပွဲမတိုင်မီ ပရိုမိုးရှင်းပြိုင်ပွဲအဖြစ် စက်တင်ဘာလ ၁၆ ရက်က ကစားခဲ့ရာ ချန်ပီယံဆု ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် အိုင်ယာလန်ထိပ်တန်းဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းက အကောင်းဆုံးပုံစံပြသနိုင်ပြီး ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

BMW PGA Championshipဂေါက်သီးရိုက်ပြိုင်ပွဲသည် DP Tourအဆင့်ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် အဆင့်အတန်းအမြင့်မားဆုံးနှင့် ဆုကြေးငွေအများဆုံးပြိုင်ပွဲဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ထိပ်တန်းဂေါက်သီးရိုက်ကစားသမားအများစု ဝင်ရောက်ယှဉ်ပြိုင်သည့်ပြိုင်ပွဲဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အင်္ဂလန်နိုင်ငံ၌ စတင်ကျင်းပလျက်ရှိပြီး စက်တင်ဘာလ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲတွင် မက်အီရွိုင်းအပါအဝင် ထိပ်တန်းဂေါက်သီးရိုက်ကစားသမားအများစုပါဝင်ယှဉ်ပြိုင်နေကြောင်း သိရသည်။

*Ref;DP Tour*

## စပိန်အသင်းက နည်းပြဒီလာဖွန်တီအား ၂၀၃၀ ကမ္ဘာ့ဖလားအထိသက်တမ်းတိုးချုပ်ဆို

**မက်ဒရစ် စက်တင်ဘာ ၁၇**

စပိန်အသင်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးပေးနိုင်ခဲ့သည့် နည်းပြ ဒီလာဖွန်တီအား ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သည်။

စပိန်အသင်းနှင့် နည်းပြဒီလာဖွန်တီတို့၏ စာချုပ်မှာ ၂၀၂၈ ယူရိုဖလားပြိုင်ပွဲအပြီးတွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ နောက်ထပ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက် ၆၅ နှစ်အရွယ် နည်းပြ ဒီလာဖွန်တီသည် စပိန်အသင်းကို ၂၀၂၃ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းကို တာဝန်ယူကိုင်တွယ်ပြီးနောက် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဒီလာဖွန်တီသည် ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း စပိန်အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ကစားသည့် ကိတ်ဗာဒီအသင်းနှင့် ပွဲစဉ်တွင်သာ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ကျန်ပွဲစဉ်အားလုံးအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ချန်ပီယံဆုဖလား ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

## စိုက်ပျိုးနည်းပညာပေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းနှင့် စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်လှစ်



**စလင်း စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမြို့မ KC ၌ ယနေ့နံနက် ၈ နာရီတွင် စိုက်ပျိုးနည်းပညာပေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ခြင်းနှင့် စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးဇော်လင်းတို့က ဝါမျိုးသန့်စံပြစိုက် ၈ ဧက တစ်အိတ်နှုန်းဖြင့် အကျိုးဆောင်တောင်သူများအား ကွန်ပေါင်းမြေဩဇာ ၁၁၇ အိတ်ကို ပေးအပ်သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုသင်တန်းကို သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် အဆိုပါသင်တန်းသို့မြို့နယ်အတွင်းရှိဝါစိုက်တောင်သူ စုစုပေါင်း ၄၇ ဦးနှင့် ဝါလုပ်ငန်းရှင်လေးဦးတို့ တက်ရောက်ကြပြီး အရည်အသွေးကောင်းဝါမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးဆောင်ရွက်ကြကြောင်း သိရသည်။ (၄၀၂)

## တရုတ် - အာဆီယံလူငယ်တွေ့ဆုံပွဲနှင့် ခေါင်းဆောင်များစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်သို့ တက်ရောက်ရန် မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့ ပြည်ပထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးမြို့နှင့် ဟိုင်နန်မြို့တို့၌ စက်တင်ဘာလ ၁၇ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ၂၀၂၆ ခုနှစ် တရုတ်-အာဆီယံလူငယ်တွေ့ဆုံပွဲ- China-ASEAN Youth Campus နှင့် တရုတ်-အာဆီယံလူငယ်ခေါင်းဆောင်များ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်၊ အနာဂတ်တံတား- Bridge of the Future သို့ ပါဝင်တက်ရောက်မည့် မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီးလူငယ်လေ့ကျင့်ရေးနှင့်ဖွံ့ဖြိုးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာစောနှင့်မိသားစုဝင်များ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာလူငယ်ကိုယ်စားလှယ်များတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးကောင်းမြတ်ဇော်နှင့် ဦးခန့်ဇော်၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်ဆုလဲ့လဲ့ဖြိုး၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေး အသင်းမှ ဦးသူမြတ်ထွန်းနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးဘုန်းမြတ်သွေးတို့ပါဝင်ကြောင်းသိရသည်။

နေကိုထိုက်

## "ရွှေအိုရောင် မြန်မာရေဒီယိုတေးသီချင်းများ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်




**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက် သောကြာနေ့ ညပိုင်းတွင် မြန်မာဂန္ထဝင် အဆိုတော်ခင်မောင်ထူး၏ "ရွှေအိုရောင် မြန်မာရေဒီယိုတေးသီချင်းများ" တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ The best Golden Myanmar Radio Songs Friday Night Live Show ကို FRIENDS Music Band ၏ တီးခတ်မှုနှင့်အတူ အဆိုတော် ခင်မောင်ထူးက ခေတ်အဆက်ဆက်တွင် ကျော်ကြားလူကြိုက်များသည့် ရွှေအိုရောင် မြန်မာ့ရေဒီယိုတေးသီချင်းများထဲမှ အကောင်းဆုံး တေးသီချင်းများကို ရွေးချယ်ပြီး ဂုဏ်ပြုသီဆိုဖျော်ဖြေမည်ဖြစ်သည်။

**"ရွှေအိုရောင် မြန်မာရေဒီယိုတေးသီချင်းများ"** တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာလ ၁၈ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် စက်တင်ဘာလ ၂၀ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။မြဝတီ

## ရပ်ရွာအခြေပြု(အခြေခံ) စက်ချုပ်သင်တန်းဖွင့်လှစ်

**ဟိုပုံး စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ကျေးလက်ဒေသအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ရပ်ရွာအခြေပြု (အခြေခံ)စက်ချုပ်သင်တန်းကို ယနေ့ နံနက်၁၀ နာရီတွင် လွယ်အွန့်ကျေးရွာ၌ ကျင်းပသည်။



သင်တန်းတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများကို အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို စက်တင်ဘာလ ၁၇ ရက်မှအောက်တိုဘာလ ၇ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။ (၄၀၅)

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၇ ရက်မှ၁၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း(၈ ဒသမ ၇၅၉၁) တန်၊ သစ်မာ (၁၁ ဒသမ ၃၁၃၄) တန်၊ အခြား (၇၂ ဒသမ ၆၂၇၀)တန်၊ စုစုပေါင်း(၉၂ ဒသမ ၆၉၉၅)တန်၊ ယာဉ်/ယန္တရား(၈) စီး၊ တရားခံ(၈) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ မြဝတီ

→ ကျောဖုံးမှအဆက်

ယနေ့နေ့လယ်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြရာ ယင်းပွဲစဉ်တွင် မြန်မာယူ-၁၇ အသင်းရှုံးနိမ့်ခဲ့သော်လည်း အာရှချန်ပီယံအိမ်ရှင်ဂျပန်ယူ-၁၇ အသင်းကို နှစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့ပြီး အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့သည်။

အိမ်ရှင်ဂျပန် ယူ-၁၇ အသင်းသည် AFC U-17 Asian Cup 2026 ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိထားသည့် အသင်းကြီးတစ်သင်းဖြစ်သည့်အားလျော်စွာ ပထမပိုင်းပွဲစသည်နှင့် ဘောလုံးပိုင်ဆိုင်မှုယူပြီး ပွဲကို ဦးဆောင်ထိန်းချုပ်ကစားခဲ့သည်။ ပွဲကစားချိန် ၁၀ မိနစ်တွင် ဂျပန်ယူ-၁၇ အသင်း၏ တိုက်စစ်အားကို မထိန်းနိုင်ဘဲ ပထမဂိုး၊ ပွဲကစားချိန် ၁၃ မိနစ်တွင် ဒုတိယဂိုးနှင့် ပွဲကစားချိန် ၃၈ မိနစ်တွင် တတိယဂိုးတို့ကို ခွင့်ပြုပေးလိုက်ရ၍ ပထမပိုင်းအပြီးတွင် ဂျပန်ယူ-၁၇ အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ်တွင် ဂျပန်ယူ-၁၇ အသင်းက စတုတ္ထဂိုးထပ်မံသွင်းယူခဲ့သည်။ မြန်မာယူ-၁၇ အသင်း ချေပဂိုးရရှိရေးတိုးအားရှန်းအားကောင်းကောင်းဖြင့် အနာခံထိုးဖောက်ကစားခဲ့ရာ ပွဲကစားချိန် မိနစ် ၇၀ တွင် ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။ ပွဲကစားချိန် ၇၉ မိနစ်တွင်လည်း ဂျပန်ယူ-၁၇ အသင်းနောက်တန်း ဟန့်တားဖျက်ထုတ်ပုံကြမ်းခဲ့သည့်အတွက် ပယ်နယ်တီမှတစ်ဆင့် ဒုတိယချေပဂိုးသွင်းယူနိုင်ခဲ့သည်။ လက်ကျန်ပွဲကစားချိန်အား အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြသော်လည်း တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ဂျပန်ယူ-၁၇ အသင်းက ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာယူ-၁၇ အသင်းသည် ဒုတိယပွဲစဉ်အဖြစ် စက်တင်ဘာလ ၁၉ ရက်တွင် နယူးဇီလန်ယူ-၁၇ အသင်းနှင့်လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် စက်တင်ဘာလ ၂၁ ရက်တွင် နီဂါတာအသင်းနှင့်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဝန်းရံခ

## (၁၇-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၉ ~ ၃၆၇၁ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၈,၄၀၈,၀၆၂.၈၄ | ၉,၈၁၁,၄၇၇.၇၈ | ၆,၈၇၆,၂၈၈.၁၄ | - |

## ကန့်ကွက်သူရှိပါက ကန့်ကွက်နိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်လမ်းခွဲလမ်းမကြီး၊ ပိုက်ကြီးဝဲကျေးရွာ၊ ကွင်းအမှတ်(၁၀၃၇/ဘီ)၊ ဦးပိုင်အမှတ်(၉၅/ဓ)၊ ဧရိယာ(၂.၉၁)ဧကေအနက်မှ မြေကွက်အမှတ်(၂၈)ဟုခေါ်တွင်သော မြေကွက်အကျယ် အလျား(၆၀')x အနံ(၄၀')အကျယ်ရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး

မြေကွက်၏အလားအလာမှာ

အရှေ့သို့လားသော် - ၂၃ ပေလမ်း

အနောက်လားသော် - မြေကွက်အမှတ်-၂၉

တောင်လားသော် - ပေ ၂၀ လမ်း

မြောက်လားသော် - မြေကွက်အမှတ်(၂၀)

အထက်ပါမြေကွက်အား မြေကွက်အမည်ပေါက်သူ ဦးသန်းလွင်ထံမှ ဦးထွန်းထွန်းဝင်းက (၁၆-၇-၂၀၂၂)တွင် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။

ဦးထွန်းထွန်းဝင်းထံမှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးသူရိန်စိုး ၁၂/ဒဂန(ပြု)၀၀၀၀၃၈ နှင့် ဒေါ်မိမိအေး ၁၂/အစန(နိုင်)၁၅၈၀၅၉ တို့က (၁၃-၉-၂၀၂၆)ရက်နေ့တွင် ငွေအကျေပေးချေပြီး လက်ရောက်ရယူပြီးဖြစ်ကြောင်း အများပြည်သူသိရှိစေရန် အသိပေးအပ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက မြေအမည်ပေါက်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသူရိန်စိုး ၁၂/ဒဂန(ပြု)၀၀၀၀၃၈**
**ဒေါ်မိမိအေး ၁၂/အစန(နိုင်)၁၅၈၀၅၉**

## ကန့်ကွက်နိုင်ကြောင်း

Dear Memory Travel And Tour Company Limited တွင် ဒေါ်နှင်းဝတ်ရည် ၁၂/ထတပ(နိုင်)၁၁၁၀၃၅ မှ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါ်နှင်းဝတ်ရည်မှာ ရာထူးမှနုတ်ထွက်သွားပါသဖြင့် ဒေါ်ထူးမြတ်လွှမ်းခြံ ၁၂/မဂဒ(နိုင်)၁၄၁၂၁၁ မှ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ဆက်လက်တာဝန်ယူဆောင်ရွက်သွားပါမည်။ ဒေါ်ထူးမြတ်လွှမ်းခြံမှ Dear Memory Travel And Tour Company Limited တွင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ်တာဝန်ယူဆောင်ရွက်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က ဒသမတန်း(B) တွင် ပညာသင်ကြားနေသော မောင်မင်းခန့်သူ၏ဖခင် ဦးမြတ်လင်း၏အမည်မှန်မှာ ၈/ရစက(နိုင်)၀၅၉၉၂၃ အရ ဦးမြလင်းဖြစ်ပါကြောင်း။ **ဦးမြလင်း**

### ဖခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အ.ထ.က ဗျက်ကြီး Grade-12 မှ မောင်ဝင့်ထည်နိုင်၏ဖခင်အမည်မှန်မှာ ဦးမောင်ထွေး ၇/ဒဥန(နိုင်)၀၉၁၉၂၅ ဖြစ်ပါကြောင်း။ **ဦးမောင်ထွေး**

### ဖခင်အမည်မှန်

ဇမ္ဗူသီရိမြို့နယ်၊ အ.ထ.က(၇)Grade-9 မှ မောင်စည်သူ၏ဖခင်အမည်မှန်မှာ ဦးအောင်ဖုန်းဇော် ၉/အမဇ(နိုင်)၀၀၁၃၅၉ ဖြစ်ပါကြောင်း။ **ဦးအောင်ဖုန်းဇော်**

### ပျောက်ဆုံးကြောင်း

နော်ဟေဂေဖေါ(ဘ)စောထေးလို(ခ)စောဌေးလယ် ၇/တငန(နိုင်)၂၁၁၈၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

သန္တာအောင်(ဘ)ဌေးလှိုင် ၁၀/ကထန(နိုင်)၁၄၀၂၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### တစ်ဦးတည်းပါဖြစ်ကြောင်း

ပျော်ဘွယ်မြို့နယ်၊ အ.ထ.က(၅)လျှော်ဖြူကုန်း(ရ)ကျောင်းတွင် အထက်တန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်ခိုင်စပယ် (ခ)ဒေါ်ခိုင်စံပယ် ၉/ပဘန(နိုင်)၁၆၈၅၆၇ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ခိုင်စပယ်(ခ)ဒေါ်ခိုင်စံပယ်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က Grade-12 တွင် ပညာသင်ကြားနေသော မောင်အုပ်စိုးပိုင်၏ဖခင် ဦးထွန်းနိုင်ဦး၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၁၉၅၅၃ အရ ဦးထွန်းလှိုင်ဦးဖြစ်ပါကြောင်း။ **ဦးထွန်းလှိုင်ဦး**

### ဖခင်အမည်မှန်

အ.ထ.က(ကေတု)Grade-5 တွင် ပညာသင်ကြားနေသော မသိမ့်သဥ္ဇာခိုင်၏ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းခိုင် ၇/တငန(နိုင်)၁၆၅၆၄၇ ဖြစ်ပါကြောင်း။ **ဦးကျော်ဝင်းခိုင်**

### အမည်ပြောင်း

ကျိုင်းတုံမြို့နယ်၊ အ.လ.က(၄)ကျောင်း Grade-7 မှ အဘ ဦးဝင်းမင်းထိုက်၏ သား မောင်အောင်ကောင်းမြတ်မင်းအား မောင်ကောင်းမြတ်မင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းမြတ်မင်း**

### ပျောက်ဆုံးကြောင်း

မိုးမိုးအောင်(ဘ)ဦးအောင်ထွန်း ၁၂/မရက(နိုင်)၁၄၃၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၀၆၇၃၁၁

### ပျောက်ဆုံးကြောင်း

ထွန်းထွန်းနိုင်(ဘ)ဦးချစ်ခိုင် ၁၂/မရက(နိုင်)၁၁၉၅၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မော်မော်စန်း(ဘ)ဦးဝင်းရွှေ ၉/မခန(နိုင်)၂၇၆၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က ဒသမတန်း(B) တွင် ပညာသင်ကြားနေသော မနှင်းအိဖြူ၏ဖခင် ဦးတင်နိုင်ဝင်း၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၃၀၁၂၇ အရ ဦးတင့်နိုင်ဝင်းဖြစ်ပါကြောင်း။ **ဦးတင့်နိုင်ဝင်း**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က-၁၆ (ကျည်တောင်) Grade-9 ၌ ပညာသင်ကြားနေသော မခိုင်ဝေဦး၏ဖခင်အမည်မှန်မှာ ဦးချစ်ဖွား ၉/ပမန(နိုင်)၁၉၇၃၈၆ ဖြစ်ပါကြောင်း။ **ဦးချစ်ဖွား**

### ပျောက်ဆုံးကြောင်း

သက်ဝေအောင်(ဘ)ဦးခင်မောင်လွင် ၁၂/အစန(နိုင်)၂၇၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 587746)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၉၉၁၃၄၀၇

### ပျောက်ဆုံးကြောင်း

ဒေါ်ရွှေလီ(ဘ)ဦးမောင်လင့် ၁/မကန(နိုင်)၀၈၀၀၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 875052)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၄၀၈၈၃၃၄၀၂

### ပျောက်ဆုံးကြောင်း

တင်ကျီးချင်း(ဘ)ဦးတင်စီဖုန်း ၁၃/ကခန(နိုင်)၁၁၇၆၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 604929)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၆၃၁၆၃၃၃

### အမည်ပြောင်း

အမက၊ ပန်းတင်ကုန်း(၁)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-2 မှ ဒေါ်အိအိစိုး ၁၄/ပသန(နိုင်)၂၉၃၄၇၉ ၏သမီး မဆောင်းရတီမိုးအား မဝင်းသီရိကျော်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မဝင်းသီရိကျော်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က ဒသမတန်း(B) တွင် ပညာသင်ကြားနေသော မသဲသဲအောင်၏ဖခင် ဦးအေးချို၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၃၅၈၃၈ အရ ဦးမျိုးကျော်ဖြစ်ပါကြောင်း။ **ဦးမျိုးကျော်**

### ပျောက်ဆုံးကြောင်း

စီလင့်(ဘ)ဦးယုချန့် ၁၃/လခန(နိုင်)၀၅၁၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 914963)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

ပြည့်ဖြိုးအောင်(ဘ)ဦးမောင်တင်ဝင်း ၁၁/ပဏတ(နိုင်)၀၅၇၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဇင်သန္တာထက်(ဘ)ဦးခင်မောင်ဌေး ၁၂/မဂတ(နိုင်)၁၀၇၁၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

နေမင်းသူရ(ဘ)ဦးရွှေသောင်း ၈/မတန(နိုင်)၀၅၇၃၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၃၄၅၉၇၄

### အမည်ပြောင်း

အမက၊ ကိုးသိန်း၊ ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-5 မှ ဦးကျော်သူမြင့် ၁၁/ပဏက(နိုင်)၀၄၇၂၂၀ ၏သား မောင်ထက်ကျော်လင်းအား မောင်အောင်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ဘုန်းခန့်**

### ပျောက်ဆုံးကြောင်း

ဦးသန်းဌေး(ဘ)ဦးတောကျော် ၇/ပခတ(နိုင်)၀၅၁၅၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၀၉၂၉၈

### ပျောက်ဆုံးကြောင်း

နော်ထွေးထွေးမောင်(ဘ)ဦးအောင်ရွှေ ၁၄/ဖပန(နိုင်)၀၉၉၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 545291)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

အောင်မြင့်(ဘ)ဦးညီအောင် ၇/မလန(နိုင်)၀၃၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၀၅၈၁၆၀

### မိခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က ချောင်းဆုံကျောင်း၊ ကျောင်းဝင်အမှတ်(၁၀၄၈) Grade-12(C) မှ မသကြာ်နိမိုး၏ မိခင်အမည်မှန်မှာ ဒေါ်မိုးမိုးဝင်းဖြစ်ပါကြောင်း။ **ဒေါ်မိုးမိုးဝင်း**

### ပျောက်ဆုံးကြောင်း

မြတ်ခိုင်(ဘ)ဦးသိန်းဖေ ၈/စတရ(နိုင်)၀၄၁၈၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ခိုင်ဇာသွင်(ဘ)ဦးသန်းအောင် ၁၂/ဒဂဆ(နိုင်)၀၈၅၈၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၅၁၁၈၂၂၁

### ပျောက်ဆုံးကြောင်း

အောင်မြင့်ကျော်(ဘ)ဦးသန်းဝင်း ၁၂/ရပသ(နိုင်)၀၄၅၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### အမည်မှန်

အထက(၂)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ မအေးချမ်းမိုးမြတ်၏ဖခင် ဦးမောင်ပြုံး၏အမည်မှန်မှာ ဦးအောင်ကိုပြုံး ၁၄/ပတ(နိုင်)၁၁၁၉၁၁ ဖြစ်ပါကြောင်း။ **ဦးအောင်ကိုပြုံး**

### ပျောက်ဆုံးကြောင်း

စိုးလင်းအောင်(ဘ)ဦးစိန်လွင် ၇/ဝမန(နိုင်)၂၀၉၆၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 487558)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ကျော်စိုးသူ(ဘ)ဦးသန်းအောင် ၁၂/လမန(နိုင်)၁၄၄၁၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၁၉၄၄၆၆

### ပျောက်ဆုံးကြောင်း

မေသက်သက်ခိုင်(ဘ)တင်အောင်သန်း ၇/ကတခ(နိုင်)၁၇၃၇၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၈၅၉၃၆၉၃

### ပျောက်ဆုံးကြောင်း

သက်ဝေအောင်(ဘ)ဦးကျော်သန်းဝင်း ၉/စကတ(နိုင်)၁၄၀၁၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

စောဆန်းနိုင်ဦး(ဘ)ဦးသိန်းကျော် ၃/ဘအန(နိုင်)၂၈၉၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 740804)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

စန်းဝင်းအောင်(ဘ)ဦးတင်မိုးအောင် ၁၄/ကခန(နိုင်)၁၁၃၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 525617)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

စိုးသူရ(ဘ)ဦးမြကျော် ၁၀/သထန(နိုင်)၁၆၃၃၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၀၂၂၇၇၂၂

### ပျောက်ဆုံးကြောင်း

ဝေဖြိုးအောင်(ဘ)ဦးစိုးသီး ၉/သေရ(နိုင်)၀၂၀၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

နွမ်းပတ်ကျိန်(ဘ)ဦးတွန့်ခတ်ဒို ၄/တတန(နိုင်)၀၆၈၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

အေးမြအောင်(ဘ)ဦးအောင်ချို ၇/သဝတ(နိုင်)၁၆၂၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

နေခြည်လွင်(ဘ)ဦးသန်းလှ ၁၄/ကခန(နိုင်)၁၁၉၁၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 272327)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ရီရီသန်း(ဘ)ဦးအောင်သန်း ၁၂/တမန(နိုင်)၀၆၃၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၃၆၇၀၆၆၂

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ချင်းကုန်းကျေးရွာအုပ်စု၊ အ.ထ.က(ဘန့်ဘွေးကွင်း)မှ မူလတန်းပြဆရာမ ဒေါ်မွန်းဂျန်(ခ)မိုင်မွန်းဂျန် ၁၂/တကန(နိုင်)၁၂၆၄၆၇ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်မွန်းဂျန်(ခ)မိုင်မွန်းဂျန်**

### ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၆၅)နေ ကြူကြူလှိုင်(ဘ)ဦးသိန်းဟန် ၁၂/လကန(နိုင်)၀၀၃၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 809270)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၇၅၀၇၁

**အလိမ္မာစာမှာရှိ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၁၁၈)တွင် နေထိုင်သော ဦးဘသိန်း ၁၂/ဗဟန(နိုင်)၀၁၃၂၀၁ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၁၃၆ ရှိ ဒေါ်သန်းသန်းအေးအမည်ပေါက်ပိုင်ဆိုင်သော HOTEL THAR AUNG အား ဦးဘသိန်းမှဝယ်ယူပိုင်ဆိုင်ပြီးဖြစ်သဖြင့် ပိုင်ရှင်အမည်အား ဦးဘသိန်း ၁၂/ဗဟန(နိုင်)၀၁၃၂၀၁ အမည်သို့ ပြောင်းလဲခြင်းအား ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဟိုတယ်ပိုင်ရှင်အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းအောင်(၈၁၅၆/၂၀၁၂)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၂၁၁၂၃၃၇၁**




## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၃၁/မမ/CE | လုပ်ငန်းသုံးစက်နှင့်စက်ပစ္စည်း(၁၂)မျိုးဝယ်ယူရန် |
| ၂ | 12(T)31/MR (MI/NPT) | စက်ခေါင်းအရန်ပစ္စည်းများ၊ CAT 3516 B Engine ပစ္စည်းများနှင့် အထွေထွေပစ္စည်း(၁၆၃)မျိုး |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂-၁၀-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၈-၉-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-294352, 291994**


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေစုဘဏ်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ချေးငွေများထုတ်ချေးခြင်း
ဘဏ်အာမခံလုပ်ငန်း
ငွေပေးအမိန့်လွှာလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၆)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGER COUNTER )(၀၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အညီအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆၊


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သင်္ဘောကုန်သေတ္တာထားသိုခန်း
သင်္ဘောဆိပ်ခံတံတားလုပ်ငန်း
သင်္ဘောကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သင်္ဘောကျင်း

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နမ့်စန်မြို့နယ်၊ ကုန်းယောင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း

စာမျက်နှာ ၁၈ ကော်လံ ၁ ■

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ။






# တိုင်းဒေသကြီးနှင့် ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသား (၅၅-၆၀) ကီလိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်မှုကို

စာမျက်နှာ ၁၃ ကော်လံ ၁ ❍

# တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ စတင်ကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၇

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို

စာမျက်နှာ ၂၀ ကော်လံ ၁ ▲



# အာရှအားကစားပြိုင်ပွဲ တက်ဂ်ဘောပြိုင်ပွဲတွင် မြန်မာကစားသမား ဆီမီးဖိုင်နယ်တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၇

ဂျပန်နိုင်ငံ နာဂိုယာမြို့၌ ကျင်းပလျက်ရှိသော (၂၀)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (20th Asian Games Aichi–Nagoya 2026) ၏ တက်ဂ်ဘောပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် တက်ဂ်ဘောကစားသမား စောဖရိုက်ဒေးသည် အုပ်စုအဆင့်မှစတင်ကာ အကောင်းဆုံးယှဉ်ပြိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့

စာမျက်နှာ ၂၀ ကော်လံ ၅ ❑

## နိုင်ငံတကာသတင်း

ပါကစ္စတန်က လောင်စာဆီချွေတာရေး အစီအမံများထုတ်ပြန်

စာ - ၂၅ သို့

ကမ္ဘာ့ရေချို သိုလှောင်နိုင်မှုပမာဏ လျော့ကျလာပြီး ရေခဲပြင်များဆက်လက် အရည်ပျော်နေ

စာ - ၂၅ သို့

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် စက်တင်ဘာလ ၁၉ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# လုံခြုံရေးတပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ခါးပိုက်နှိုက်မှု ၂၀၆ မှုမှ ကျူးလွန်သူတရားခံ ၁၈၆ ဦးတို့အား ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၇

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ YBS ယာဉ်လိုင်းများ၊ ကားမှတ်တိုင်များနှင့် အများပြည်သူသွားလာလျက်ရှိသည့်နေရာများတွင် အုပ်စုဖွဲ့ခါးပိုက်နှိုက်ကျူးလွန်မှုများ လျော့နည်းကျဆင်းစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းရယူစုံစမ်းခြင်း၊

စာမျက်နှာ ၁၉ ကော်လံ ၁ ➢

# အာရှချန်ပီယံအိမ်ရှင် ဂျပန် ယူ - ၁၇ အသင်းကို မြန်မာအသင်းရှုံးနိမ့်

ရန်ကုန် စက်တင်ဘာ ၁၇

ဂျပန်နိုင်ငံ နီဂါတာမြို့၌ ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)နှင့် နီဂါတာဒေသဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၂၈)ကြိမ်မြောက် နိုင်ငံတကာ လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲကို ဂျပန် ယူ-၁၇ အသင်းနှင့် မြန်မာ ယူ-၁၇ အသင်းတို့

စာမျက်နှာ ၂၉ ကော်လံ ၁ ➜

